သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၁၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၂၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တောင်ငူမြို့ မြတ်စောညီနောင်ဘုရားအနေကဇာတင်မင်္ဂလာတက်ရောက် လမ်းဖောက်လုပ်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြည့်ရှုမှာကြား

ရန်ကုန် မေ ၁၂

ပဲခူးတိုင်း တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား၊ နောင်တော်စေတီတော်ဘုရား အနေကဇာတင် မင်္ဂလာအခမ်းအနားကို မေ ၁၀ ရက် နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင်ရှိ ဝိဇ္ဇမဟိဒ္ဓိမဏ္ဍာရုံ၌ကျင်းပရာ မြတ်စောညီနောင်စေတီတော် ဩဝါဒါစရိယဆရာတော် ရန်ကုန်ကျောင်းတိုက်မှ ဘဒ္ဒန္တ သီလဝံသအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလွင်၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၂ ✻



ကျုံထော်ရေထိန်းတံခါး အဖွင့်၊ အပိတ် ပြုလုပ်သည့် **Glar Box** များ တပ်ဆင်ပြီးစီးမှုကို တွေ့ရစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)



မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံထော်ချောင်းပေါ်တွင်တည်ဆောက်ထားသော ရေနက်ကွင်း ဧက ၂၂၀၀၀ ကို အကျိုးပြုမည့် အကျယ်ခြောက်ပေ၊ အမြင့် ၁၂ ပေရှိ ကွန်ကရစ်ရေတံခါး ၂၇ ပေါက်ဖြင့် ဆောက်လုပ်ထားသည့် ကျုံထော်ရေထိန်းတံခါးကြီးကို တွေ့ရစဉ်။ **ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)**

စစ်ကိုင်းတိုင်း ပန်ဆောင်ထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များထုတ်လွှင့်

ရန်ကုန် မေ ၁၂

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ စစ်ကိုင်းတိုင်း ပန်ဆောင်၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ် မေ ၉ ရက် နံနက်ပိုင်းတွင် လုပ်ငန်းများ ပြီးစီးခဲ့ပြီး အဆိုပါ စက်ရုံမှလွှင့်အား(၁၀)ဝပ်၊ လှိုင်းနှုန်း (၁၀)ဖြင့် ယင်းနေ့ညနေပိုင်း မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များမှ စတင်၍ အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၆၀ ခုမြောက် ကျုံထော်ရေထိန်းတံခါး မကြာမီဖွင့်မည် လယ်မြေဧက ၂၂၀၀၀ ရေငန်မဝင်ရေးနှင့် ရေချိုထိန်းသိမ်းနိုင်

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်းတင်-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၂

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝထူထောင်နိုင်ရန်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ပေးနိုင်မည့် စီးပွားရေးအခြေခံများ ဖြစ်ထွန်းလာစေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် မိမိတို့၏ကိုယ်ပိုင်ရေမြေသယံဇာတနှင့် အမျိုးသားရေးစွမ်းအားတို့ကိုအခြေခံသည့် စိုက်ပျိုးရေးကဏ္ဍကို အဓိကထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၁၃ ရက်)

အမျိုးသားရေးစိတ်ဓာတ်နိုးကြားရေး စာပေဖြင့်ဖော်ဆောင် မြန်မာစာပေ၏ ကောင်းမြတ်သောအစဉ်အလာထိန်းသိမ်း

ယနေ့အချိန်အခါသည် နိုင်ငံ၊ လူမျိုး တိုးတက်ကြီးပွားရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားအပေါင်း၏ အမျိုးသားရေးအကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်ပေးနိုင်ရေးအတွက် တစ်မျိုးသားလုံးလက်တွဲပြီး ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေသော အချိန်အခါဖြစ်သည်။ အမျိုးသားရေးနိုးကြားမှုနှင့် အမျိုးသားရေးစွမ်းအား တောင့်တင်းခိုင်မာမှုတို့ ထာဝရဖြစ်ထွန်းနေမှသာ နိုင်ငံတော်၏ အမျိုးသားရေးမျှော်မှန်းချက်များ ပြည့်မြောက်အောင်မြင်နိုင်မည် ဖြစ်သည်။

မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအကြား နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်လိုသည့် စိတ်ဓာတ်၊ ပြည်ထောင်စုကြီး မယိုင်မလဲမပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲအောင် စောင့်ရှောက်မြှင့်တင်လိုသည့် စိတ်ဓာတ် စသော စိတ်ပိုင်းဆိုင်ရာအခြေခံကောင်းများ ဖြစ်ထွန်းနေစေရေးသည်လည်း ယနေ့ကာလတွင် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစေရေးအတွက် မရှိမဖြစ် တည်ဆောက်ဖော်ဆောင်ရမည့် အမျိုးသားရေး ကိုယ်ခံစွမ်းအားများပင် ဖြစ်သည်။

မေလ ၁၁ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌–

"ယင်းသို့ အခြေအနေ အချိန်အခါမျိုးတွင် အမျိုးသားရေးအားမာန် နိုးကြားတက်ကြွစေရအောင် စေ့ဆော်ဖန်တီးပေးနိုင်သည့် မြန်မာစာပေ၏ ကောင်းမြတ်သောအစဉ်အလာနှင့် ထက်မြက်သည့်စွမ်းပကားတို့ကို စာပေပညာရှင်ကြီးများအားလုံးက အမျိုးသားရေးစိတ်ဓာတ် မြင့်မားခိုင်မာစွာဖြင့် ထိန်းသိမ်းမြှင့်တင် စွမ်းဆောင်ပေးနိုင်ခြင်းမှာ အမျိုးသားရေး ကိုယ်ခံစွမ်းအားများကို အခိုင်အမာတည်ဆောက်နိုင်ခြင်းကြောင့် ပေါ်ထွန်းလာသည့် ရလဒ်ကောင်းများကြောင့်ပင် ဖြစ်သည်"

ဟု ပြောကြားသွားသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်တွင် အမျိုးသားစာပေအင်အားစုကြီး တစ်ရပ်လုံး စုစည်းညီညွတ်စွာရပ်တည်ပြီး တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ် အစဉ်အမြဲ နိုးကြားတက်ကြွနေစေရန် စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်မြှင့်တင်ပေးရေးကို အစဉ်ကြိုးပမ်း ကြရမည်ဆိုသည်ကို စာပေပညာရှင်ကြီးများအားလုံးက ခံယူထားကြရမည်ဖြစ်သည်။

စာပေသည် နိုင်ငံတော်၏ အမျိုးသားရေးတည်ဆောက်မှုနယ်ပယ် ကဏ္ဍအားလုံးကို စွမ်းအားကြီးမားစွာ လွှမ်းခြုံဆက်စပ်လှုံ့ဆော်အားပေးနိုင်သည့် စွမ်းပကားနှင့် ပြည့်စုံသကဲ့သို့ နိုင်ငံ့အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် အပြုသဘောစွမ်းအားမှာလည်း စာပေပင်ဖြစ်သည်။

ပြည်ထောင်စုကြီး၏ လူမှုဘဝအဖုံဖုံ ဘက်စုံတိုးတက်ထွန်းကားခိုင်မြဲရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပညာရည်မြင့်မားစေရန်၊ အကျင့်စာရိတ္တမြင့်မားခိုင်ကျည်စေရန်၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် အမျိုးသားရေးလက္ခဏာများ မတိမ်ကော၊ မပပျောက်စေရန်၊ တိုင်းရင်းသားပြည်သူများအားလုံး အသိဉာဏ်ပညာထက်မြက်ပြီး အတွေးအမြင် ကြည်လင်ပြတ်သားစေရန်နှင့် တိုင်းကျိုးပြည်ပြု အသိပညာရှင်၊ အတတ်ပညာရှင်များ အပါအဝင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရှင်သန်စေရန်တို့ကို စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်ပေးနိုင်သည်ဟု နိုင်ငံတော်က လက်ခံယုံကြည်ထားသည်။

ထို့ပြင် နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအားလုံး အတွေးအမြင် ဗဟုသုတကြွယ်ဝရေး၊ စိတ်နှလုံး ပျော်ရွှင်ချမ်းမြေ့ရေးနှင့် နှလုံးရည်ထက်မြက်ရှင်သန်ရေးတို့မှာလည်း စာပေနှင့်စွမ်းဆောင်နိုင်မှုမှာ အဓိက အခန်းကဏ္ဍက ပါဝင်ပေသည်။

သို့ဖြစ်ရာ စာပေပညာရှင်များအနေဖြင့် တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွစေရန် စာပေစွမ်းပကားဖြင့်ဖော်ဆောင်ရင်း မြန်မာစာပေ၏ ကောင်းမြတ်သော အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းမြှင့်တင်ဖော်ဆောင်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၃-၅-၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Simple Linear Regression (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
၅:၃၅ ၁၀။ တိုင်းကျိုးပြည်ပြုတို့ရှေးရှု
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း–၁၀)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"**(အပိုင်း–၄၁)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပန်းတိုင်အထွက်နှုန်းရရှိရေး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက် သီးနှံရှစ်မျိုးအောင်မြင်ဖြစ်ထွန်းရေး ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် မှာကြား

ရန်ကုန် မေ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ယမန်နေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကံဘဲ့ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရှိ အထွေထွေမန်နေဂျာများ၊ ပြည်နယ်နှင့် တိုင်းမန်နေဂျာများ၊ ဥယျာဉ်ခြံ၊ စိုက်ကွင်းမန်နေဂျာများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဝန်ကြီးက အမှာစကားပြောကြားရာ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာရမည့် အချက်လေးချက်ဖြစ်သော စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုး သုံးစွဲရေး၊ ဓာတ်မြေသြဇာနှင့် ဒေသထွက်မြေသြဇာများ ပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော်၊ မိုးတော်စိုက်ဧကများ တိုးတက်ဖြစ်ပေါ်စေရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ သီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်း ရရှိရေးတို့တွင် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ မတ်ပဲ၊ အစေ့ထုတ်ပြောင်း စသည့် သီးနှံရှစ်မျိုး အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ခင်းကျင်းပြသသထားသည့် ဓာတ်မြေသြဇာများနှင့် ဒေသထွက် မြေသြဇာများဖြစ်ကြသည့် ဘိုင်အိုကွန်ပို့စ်၊ ဇီဝစူပါမြေသြဇာ၊ ဂေါဒန်ကျောက်ကြမ်း၊ ဂျစ်ဆင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

အသေးစိတ်ဆွေးနွေး

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းနှင့် အထွေထွေမန်နေဂျာများ၊ ပြည်နယ်၊ တိုင်းမန်နေဂျာများ၊ စိုက်ပျိုးရေးပညာရှင်များက ပန်းတိုင်အထွန်းနှုန်းရရှိရေးအတွက် သီးနှံတစ်မျိုးချင်းအလိုက် ဆောင်ရွက်မည့် စိုက်ပျိုးနည်းပညာ၊ စိုက်ပျိုးနည်းစနစ်များကို အသေးစိတ် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

UTM စနစ်ပြောင်းလဲထုတ်လုပ်ရေး လုပ်ငန်းကော်မတီစည်းဝေး မြေပုံအင်္ဂါရပ်များနှင့်အညီရေးဆွဲရေး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်မှာကြား

ရန်ကုန် မေ ၁၂

သစ်တောရေးရာဝန်ကြီးဌာန မြေတိုင်းဦးစီးဌာန UTM စနစ်ပြောင်းလဲထုတ်လုပ်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီက သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ UTM စနစ်ပြောင်းလဲထုတ်လုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ UTM စနစ် ပြောင်းလဲထုတ်လုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က UTM စနစ်ဖြင့် ထုတ်လုပ်ထားသည့် မြေပုံများ တိကျမှန်ကန်မှုရှိရေး၊ မြေပုံအင်္ဂါရပ်များနှင့်အညီ ရေးဆွဲထုတ်လုပ်ရေး၊ မြေပြင်အချက်အလက်များ ပြည့်စုံစွာပါဝင်စေရေးနှင့် စီမံကိန်းလျာထားချက်နှင့်အညီ မြေပုံများ အချိန်မီရေးဆွဲ ထုတ်လုပ်ရေးတို့ကို မှာကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် အဖွဲ့ဝင်များက အကြံပြုဆွေးနွေးတင်ပြကြပြီး UTM မြေပုံထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ မေးမြန်းချက်များ၊ အကြံပြုချက်များကို လုပ်ငန်းကော်မတီအတွင်းရေးမှူး မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင်က ပြန်လည် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် အစည်းအဝေးခန်းမအတွင်း ပြသထားသော UTM မြေပုံများ တိုင်းတာရေးဆွဲထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်နှင့် ကောင်းကင်ဓာတ်ပုံများ၊ မြေပုံသစ်များကို ကြည့်ရှုကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် ဆေးဝါးများလှူဒါန်း

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် ဆေးဝါးများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် ဦးသန်းလွင်၊ ဒေါ်မြင့်မြင့်ဇော် မိသားစု **(အပေါ်ပုံ)** က အမေရိကန်ဒေါ်လာ ၁၀၀၀၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ သံအမတ်ကြီး၏ ဇနီး Mrs. Kumkum Bhatia က အမေရိကန်ဒေါ်လာ ၁၁၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ စစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်၊ ဒေါ်သီတာညွန့်က အလှူငွေ ကျပ် တစ်သိန်း၊ ဦးအောင်မျိုးမင်းဒင်၊ ဒေါ်အေးအေးမြင့် (Adventure Myanmar Travel and Tour) ရန်ကုန်က အလှူငွေကျပ် တစ်သိန်း၊ ပုလဲဗီဒီယိုထုတ်လုပ်ရေးက အလှူငွေကျပ် သိန်း၂၀၊ Fame Pharmaceutical Company Limited က ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ ဆေးဝါးများကို ပေးအပ်လှူဒါန်းရာအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက်အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အသင်းဥက္ကဋ္ဌနှင့်အဖွဲ့၊ အလှူရှင်များသည် ခန်းမအတွင်းပြသထားသောမြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည် ကြည့်ရှုကြသည်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မီးသတ်စက်ယာဉ်နှင့် စက်ပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၁၂

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယမန်နေ့နံနက်ပိုင်းက မီးသတ်ဦးစီးဌာနရုံးချုပ်၌ မီးသတ်ဦးစီးဌာနသို့ ကိုရီးယားသမ္မတနိုင်ငံ President of Korea Green Tech Co., Ltd. မှ Mr. Lim Taeck Soo နှင့် Jico Int'l မှ Mr. Hur Eul Burm မြန်မာနိုင်ငံ Sandian & Group Co., Ltd. မှ ဒေါ်တင်တင်ခိုင်တို့က လှူဒါန်းသည့် ကွပ်ကဲမီးသတ်ယာဉ်နှစ်စီး၊ မီးငြိမ်းသတ်ယာဉ်နှစ်စီးနှင့် စက်အပိုပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ဆက်လက်၍ မီးသတ်ယာဉ်နှင့် စက်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အမှာစကားပြောကြားသည်။ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာပေးအပ်

အလှူရှင်များကိုယ်စား ဒေါ်သန္တာဟန်က မီးသတ်ယာဉ်နှင့် စက်ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရွက်စာတမ်းများကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ်က လက်ခံယူပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မီးသတ်ယာဉ်နှင့် စက်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်း ရောင်စုံပိုစတာပြိုင်ပွဲကျင်းပမည်

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းရောင်စုံပိုစတာပြိုင်ပွဲကို ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော WANTED! Seas and Oceans-Dead or Alive? (သင်ဘာကိုအလိုရှိသလဲ၊ ပင်လယ်နှင့် သမုဒ္ဒရာများ အပျက်လော၊ အကောင်းလော) ဆောင်ပုဒ်နှင့်အညီ ကျင်းပမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူဦးရေတိုးပွား များပြားလာသည်နှင့်အမျှ လူတို့၏ လုပ်ဆောင်ချက်အမျိုးမျိုးကြောင့် ပင်လယ်နှင့်သမုဒ္ဒရာများ ညစ်ညမ်းမှုများဖြစ် ပေါ်လျက်ရှိသည်။ ယခုနှစ်ဆောင်ပုဒ်နှင့်အညီ ညစ်ညမ်းသော ပင်လယ်သမုဒ္ဒရာ အပျက်ကိုမြင်ချင်ပါသလား၊ ကောင်းမွန်သန့်ရှင်းသော ပင်လယ်သမုဒ္ဒရာကို မြင်ချင်ပါသလားဟူသော မေးခွန်း၏ အဖြေကို ပေါ်လွင်စေသည့် ပညာပေးပိုစတာများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်ဖိတ်ခေါ်လျက်ရှိသည်။ ပိုစတာများကို ၁၅ x ၂၀လက်မဆိုဒ် စက္ကူပေါ်တွင် ရောင်စုံဆေးဖြင့် ရေးဆွဲ၍ ပိုစတာတွင် ဆောင်ပုဒ်ကိုထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး မိမိပြောကြားလိုသည့် အကြောင်းအရာကိုလည်း ပညာပေးရေးသားဖော်ပြ နိုင်သည်။ ပိုစတာ၏ကျောဘက်တွင် ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင် အမှတ်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ စသည်တို့ကို တစ်ပါတည်း ဖော်ပြရန်ဖြစ်ပြီးအဆင့်မီ ပိုစတာများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ် သည်။

ပြိုင်ပွဲဝင်ပိုစတာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး နိုင်ငံခြားရေးဝန်ကြီးဌာန ဒဂုံမြို့နယ် ရန်ကုန်မြို့သို့ ၂၈-၅-၂၀၀၄ရက် (သောကြာနေ့) ညနေ ၁၆:၃၀ နာရီအရောက် နောက်ဆုံးထား၍ ပေးပို့ကြရန်ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်။

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊ အမှတ်(၈)ဖြန့်ချီ

ရန်ကုန် မေ ၁၂

အာဆီယံ အဝေးပြေးလမ်း၏ အစိတ်အပိုင်းဖြစ်သည့် မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်လမ်း အဆင့်မြှင့်ရန် ကိုရီးယားကကူညီ၊ ရန်ကုန်တိုင်းမှအပ လိုင်စင်မဲ့ဆိုင်ကယ်အားလုံး သတ်မှတ်ကာလအတွင်း တရားဝင် မှတ်ပုံတင်ပေးမည်။ သင်တန်းဆင်းရုံဖြင့် ဧည့်လမ်းညွှန်လိုင်စင်မရတော့ပါ၊ လူတွေ့စစ်ဆေးခံရမည်။ အထူးပြုဘာသာစကားဖြင့်သာ ဖြေဆိုရမည်။ ပထမဆုံး ပြည်တွင်းထုတ် အသင့်သောက်ကော်ဖီရည်ဘူး ဈေးကွက်ဝင်လာ၊ မြန်မာ နှင့်လာအို ဆက်သွယ်မည့် မဲခေါင်မြစ်ကူးတံတား တည်ဆောက်တော့မည်၊ တစ်လမ်းမောင်းစနစ် ပြောင်းပြီးမှ ဘုရင့်နောင်ဈေးလမ်းမများ ယာဉ်ကြောပိုကျပ်နေ စသည့် ပြည်တွင်းရေးရာသတင်းများ ဖြင့် 7 Day News Journal (၇ ရက်သတင်းဂျာနယ်) ထွက်ရှိလာသည်။

ဥရောပသမဂ္ဂက လက်နက်ပိတ်ဆို့မှုကို အဆုံးသတ်လိမ့်မည်ဟု တရုတ်ဝန်ကြီးချုပ် ယုံကြည်၊ သွားအတုများ ခေတ်ကုန်ဆုံးတော့မည်လော၊ သွားကျိုးလျှင် သွားအစစ် ပြန်ပေါက်နိုင်မည်၊ ပီကာဆို ပန်းချီကား ဒေါ်လာ ၁၀၄ သန်းဖြင့် စံချိန်ချိုး၊ လူမမည် ဆီးချိုကလေးများအဖို့ ကျော်လွှားသောကုထုံးတွေ့၊ နွေရာသီတွင် လူဖြစ်သောမိခင်များ သားသမီးထွန်းကားမှုပိုနည်းဟုဆို စသည်ဖြင့် နိုင်ငံတကာရေးရာ သတင်းဆောင်းပါးများ၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၇၀၃၈၀၃ က တစ်ပြည်လုံးသို့ ဖြန့်ချီထားကြောင်း သိရသည်။

(က-ပ)

✳ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အလှူရှင်များက ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ကြီးများက မြတ်စောညီနောင်ဘုရား၊ နောင်တော်စေတီတော်အား အနေကဇာတင်တော်မူကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် တောင်ငူ-ထန်းတပင်-ဇရပ်ကြီးလမ်းအပိုင်းရှိကတ္တရာလမ်းအခြေအနေကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ဇရပ်ကြီးတိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာရာ ဆေးရုံမှတိုက်နယ်ဆရာဝန်ဒေါက်တာနေဝင်းသွင်က ဆေးရုံနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက တိုက်နယ်ဆေးရုံတွင် ငွေပဒေသာပင်စိုက်ထူနိုင်ရေးအတွက် ဒေသခံပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ဆေးရုံသန့်ရှင်းရေး၊ ဆေးဝါးများပြည့်စုံစွာရှိရေးနှင့်လိုအပ်သည်များမှာကြားပြီး ဆေးရုံအတွင်းလိုက်လံကြည့်ရှု၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် ဇရပ်ကြီးကျေးရွာနယ်မြေနယ်ခံတပ်ရင်းရုံးတွင် တောင်ငူ-ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်း၏ တောင်ငူ-ကျောက်ကြီး လမ်းပိုင်းဖောက်လုပ်ထားရှိမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများ နှင့်စပ်လျဉ်း၍ လမ်းဖောက်လုပ်ရေးတာဝန်ခံ ပဲခူးတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးတင်ထွန်းနှင့်တာဝန်ရှိသူများအားတွေ့ဆုံမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ဇရပ်ကြီး-မုန်းကြားရှိ ကျောက်ကြမ်း/ကျောက်ချောလမ်း ၁၈ မိုင် အား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ကျောက်ကြီးမြို့နယ် မုန်းကျေးရွာသို့ ရောက်ရှိ၍ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်ဆေးရုံသို့သွားရောက်၍ဆေးရုံအတွင်းလိုက်လံကြည့်ရှုပြီးလူနာများအား အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်မြောက်ဘက်၌ လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

မေ ၁၁ရက်က ဘာဆာရာမြို့တွင် အီရတ်အမျိုးသမီးတစ်ဦးအား ဗြိတိသျှ တပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက် မေ ၁၁

ဘဂ္ဂဒက်မြောက်ပိုင်းတွင် လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း တနင်္ဂနွေနေ့က အမေရိကန်စစ်ဘက်မှ သတင်းထုတ်ပြန်သည်။

၎င်းတပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြောက်ပိုင်းဆာမာရာမြို့တွင် လမ်းဘေးဗုံးရှာဖွေရှင်းလင်းရေးဆောင်ရွက်နေသော အမှတ်(၁)ခြေမြန်တပ်မမှ ဖြစ်ပြီး ယင်းတိုက်ခိုက်မှုသည် မေ ၈ရက် နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့သည်ဟု စစ်ဘက်ဆိုင်ရာအစီရင်ခံစာ၌ ဖော်ပြထားသည်။

တိုက်ခိုက်

အမေရိကန်စစ်ယာဉ်တန်းများ ဖြတ်သန်းသွားစဉ်နှင့်စစ်ဆေးမှုပြုလုပ်စဉ် အဝေးထိန်းစက်ကိရိယာဖြင့် ဖောက်ခွဲတိုက်ခိုက်လေ့ရှိပြီး ယင်းဖောက်ခွဲရေးပစ္စည်းများကို အချိုးရည်ဘူးများနှင့် တိရစ္ဆာန်အသေကောင်များအတွင်း ဝှက်၍လည်းကောင်း၊ လမ်းဘေးတွင် မြှုပ်၍လည်းကောင်း ဖောက်ခွဲတိုက်ခိုက်ကြသည်။

မတ်လအတွင်းက သမ္မတဆက်ဒမ်ဟူစိန်အား ဖြုတ်ချရန် အီရတ်နိုင်ငံသို့ အမေရိကန် ဦးဆောင်သောတပ်များဝင်ရောက်ခဲ့ချိန်မှစပြီး တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၅၅၀ထက်မနည်း သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်အား ကန်ကျူးကျော်မှု အဆုံးသတ်ရေး

အာရပ်နိုင်ငံခြားရေးဝန်ကြီးများ မူကြမ်းရေးဆွဲ

ကိုင်ရို မေ ၁၁

အီရတ်နိုင်ငံအား အမေရိကန်ကျူးကျော်မှု မြန်မြန်ထက်ထက်အဆုံးသတ်စေရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အစီအမံများချမှတ်ရေးတိုက်တွန်းထားသော အီရတ်ပြဿနာဆိုင်ရာ မူကြမ်းတစ်ရပ်ကို အာရပ်နိုင်ငံခြားရေးဝန်ကြီးများက နောက်ဆုံးအဆင့်အထိ ရေးဆွဲပြီးစီးကြောင်း အီဂျစ်မီနာ သတင်းဌာနက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန် လိုက်သည်။

ယင်းဆုံးဖြတ်ချက်မူကြမ်းကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ အာရပ်အဖွဲ့ချုပ်၌ ယင်းတို့၏ ပုံမှန်အစည်းအဝေးများမှ ဝန်ကြီးများကပြင်ဆင်ခဲ့ကြကြောင်း၊ ယခုလကုန်ပိုင်းတွင် ၎င်းတို့၏ ထိပ်သီးအစည်းအဝေးသို့ တင်ပြမည်ဖြစ်ကြောင်း အာရပ်သံတမန်ရပ်ကွက်က ပြောဆိုချက်ကို မီနာက ကိုးကားဖော်ပြသည်။

ကြိုဆိုမည်

ယင်းမူကြမ်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၊ အီရတ်ပြည်သူများအား အချုပ်အခြာအာဏာလွှဲပြောင်းပေးရေးကိစ္စတို့ကို ကြိုဆိုမည်ဖြစ်သည်ဟု ဆိုထားသည်။

၎င်းမူကြမ်းတွင် အီရတ်နယ်မြေပိုင်ဆိုင်မှု ထိန်းသိမ်းရန် အရေးကြီးပုံ၊ အီရတ် အချုပ်အခြာအာဏာနှင့် စည်းလုံးညီညွတ်မှုကို လေးစားရန်၊ ၎င်း၏ နိုင်ငံခြားရေးကိစ္စတွင် ပြည်ပစွက်ဖက်မှုမရှိစေရန်တို့ ပါဝင်သည်ဟု ဆိုသည်။

တိုက်တွန်း

အီရတ်ပြည်သူများအနေဖြင့် ဂိုဏ်းကွဲများအကြား နိုင်ငံတော်၏ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် ကြိုးပမ်းမှုများအားလုံးကို စွန့်လွှတ်ကြရေး၊ အီရတ်နိုင်ငံ၏ အနာဂတ်ကို တည်ဆောက်ရာတွင် အမျိုးသား စည်းလုံးညီညွတ်ရေးကို ခိုင်မြဲအောင် တည်ဆောက်ရေးတို့ကို ၎င်းမူကြမ်းက တိုက်တွန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျော်ဒန်တပ်ဖွဲ့ဝင်များ အီရတ်သို့စေလွှတ်ရေး မစဉ်းစားကြောင်း ဂျော်ဒန်အစိုးရပြောခွင့်ရှိသူပြောကြား

အမ္မန် မေ ၁၁

အီရတ်နိုင်ငံသို့ ဂျော်ဒန်တပ်ဖွဲ့ဝင်များ စေလွှတ်ရေးကို ယခုအခါ ဂျော်ဒန်နိုင်ငံကမစဉ်းစားကြောင်း ဂျော်ဒန်အစိုးရအဖွဲ့ဝန်ကြီးနှင့် အစိုးရအဖွဲ့ပြောခွင့်ရှိသူ အာစမာခိုဒါက တနင်္လာနေ့၌ ပြောကြားသည်။

အီရတ်နိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးရရှိရန် အီရတ်နှင့်အာရပ်တို့၏ကြိုးပမ်းမှုများကို ဂျော်ဒန်က ထောက်ခံကြောင်း၊ သို့ရာတွင် အာရပ်အဖွဲ့ချုပ် အခြေခံဘောင်အတွင်း မဟုတ်လျှင် အီရတ်သို့တပ်ဖွဲ့များလွှတ်မည်မဟုတ်ကြောင်း သတင်းစာရှင်းပွဲ၌ ခိုဒါက ပြောကြားသည်။

ဇွန် ၃၀ ရက်နောက်ပိုင်း အီရတ်သို့ အာရပ်တပ်ဖွဲ့စုံ စေလွှတ်မှုတွင်ပါဝင်သော ယီမင်နိုင်ငံ၏ ဦးဆောင်မှုနှင့် ပတ်သက်၍ ဂျော်ဒန်၏ သဘောထားကို ရည်ညွှန်းရာတွင် ဤကိစ္စကို တူနီးရှားနိုင်ငံ၌ မေ ၂၂ရက်တွင်ကျင်းပမည့် အာရပ်ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးမည်ဟု သူမက ပြောကြားသည်။

ဂျော်ဒန်နိုင်ငံသည် ထိပ်သီး အစည်းအဝေး၌ ရရှိသော ဆုံးဖြတ်ချက်ကို လေးစားအကောင်အထည်ဖော်မည်ဟု ပြောဆိုသည်။ ခိုဒါက မိမိနိုင်ငံသည် အီရတ်ရဲအဖွဲ့အချို့နှင့် အီရတ်တပ်ဖွဲ့ဝင်သစ်များကို လွန်ခဲ့သည့်လက လေ့ကျင့်သင်ကြားပေးခဲ့သော်လည်း ယင်းသည် ဂျော်ဒန်နိုင်ငံ၏ အခြားရည်ရွယ်ချက် တစ်စုံတစ်ရာမဟုတ်ကြောင်း ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကယ်ကွတ်၌ သေနတ်သမား တစ်ဦးပစ်ခတ်မှု နိုင်ငံခြားသား နှစ်ဦးသေဆုံး

ကယ်ကွတ် မေ ၁၁

အီရတ်နိုင်ငံ ကယ်ကွတ်မြို့မြောက်ဘက်တွင် တနင်္လာနေ့က သေနတ်သမား တစ်ဦး၏ ပစ်ခတ်မှုကြောင့် တောင်အာဖရိကနိုင်ငံသားတစ်ဦးနှင့် နယူးဇီလန် နိုင်ငံသားတစ်ဦးအပြင် အီရတ်တစ်ဦးလည်း သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၅၅မိုင်အကွာရှိ ကယ်ကွတ်မြို့သို့ ကားဖြင့်သွားစဉ် သေနတ်သမားတစ်ဦးက ကားပေါ်မှ အေကေ-၄၇ ရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်သွားခြင်းဖြစ်သည်။

သေဆုံးသွား

ထိုသို့ သေနတ်ပစ်ခတ်မှုခံရပြီးနောက် တောင်အာဖရိကနိုင်ငံသားတစ်ဦးနှင့် အီရတ်တစ်ဦးတို့ နေရာ၌ပွဲချင်းပြီးသေဆုံးသွားပြီး၊ နယူးဇီလန် နိုင်ငံသားမှာမူရရှိသော ဒဏ်ရာဖြင့် နောက်ဆုံး၌ သေဆုံးသွားသည်။

အဆိုပါ သေဆုံးခဲ့သည့် နိုင်ငံခြားသားနှစ်ဦးမှာ အင်ဂျင်နီယာများဖြစ်ပြီး အီရတ်တစ်ဦးမှာ ၎င်းတို့၏ ယာဉ်မောင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းတို့သည် ကူဝိတ်-အီရတ်ဆောက်လုပ်ရေး ကုမ္ပဏီအတွက် လာရောက်လုပ်ကိုင်နေသော နိုင်ငံခြားသားများဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်အကျဉ်းသားများအား ကန်တို့နှိပ်စက်မှု အီရန်သမ္မတဟောင်း ပြစ်တင်ရှုတ်ချ

တီဟီရန် မေ ၁၁

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုကို အီရန်သမ္မတဟောင်း အက်ခဘာဟာရှင်မီရပ်ဖ် ဆန်ဂျာနီက တနင်္ဂနွေနေ့၌ ပြစ်တင်ရှုတ်ချလိုက်သည်။

ယင်းလုပ်ရပ်သည် စက်ဆုပ်ဖွယ်ကောင်းသည်ဟု ဖော်ပြပြောဆိုခဲ့ကြောင်း အိုင်အာအင်အေသတင်းဌာနက သတင်း ထုတ်ပြန်ဖော်ပြလိုက်သည်။

ဂုဏ်သိက္ခာကင်းမဲ့

အကျင့်ပျက်မှုများ၊ ကမောက်ကမဖြစ်မှုများနှင့် သွေးထွက်သံယိုဖြစ်မှု များသည် ဂုဏ်သိက္ခာကင်းမဲ့သော လုပ်ရပ်များဖြစ်ကြောင်း ရပ်ဖ်ဆန်ဂျာနီက ပြောသည်။

ဝေဖန်

ယင်းကိစ္စနှင့် ပတ်သက်ပြီး နိုင်ငံတကာကြက်ခြေနီကိုလည်း ၎င်းကပြစ်တင် ဝေဖန်ပြောကြားလိုက်သည်။

ဝန်ခံ

နိုင်ငံတကာကြက်ခြေနီသည် အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်နေမှုများ၊ ပြည်သူများမသိရှိမီ သိရှိခဲ့ကြောင်း အိုင်စီအာစီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဝန်ခံပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဆန္ဒပြ

မေ ၁၀ရက်က နာဂျက်ဖ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်အမျိုးသမီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံတစ်လွှား၌ ဖြန့်ပြီးတိုက်ရန် အီရတ်ခေါင်းဆောင်ဆာဒါက ၎င်း၏တပ်ဖွဲ့ဝင်များအား အမိန့်ထုတ်

နာဂျက်ဖ် မေ ၁၁

အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံတစ်လွှား၌ဖြန့်ပြီး စစ်ပွဲဆင်နွှဲသွားရန် အီရတ်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါက သူ၏တပ်ဖွဲ့ဝင်များကို အမိန့်ထုတ်ထားကြောင်း အဆင့်မြင့် လက်ထောက်အရာရှိတစ်ဦးက တနင်္လာနေ့၌ ပြောကြားသည်။

မိမိတို့သည် ယခုအခါ ဒုတိယအဆင့် ခုခံတိုက်ခိုက်ရေးသို့ ဝင်ရောက်ခဲ့ပြီဖြစ်ပြီး သိမ်းပိုက်တပ်ဖွဲ့များကို သည်းခံမှုသည်လည်း လွန်သွားပြီဖြစ်ကြောင်း ဆာဒါ၏ အဆင့်မြင့် လက်ထောက်အရာရှိ ကာအစ်အယ်လ်ခါဇာလီက ပြောကြားသည်။

တိုးချဲ့

သိမ်းပိုက်တပ်ဖွဲ့များ၏ စစ်ရေးအရှိန်သည် မြင့်တက်လာပြီး ကာဘာလာနှင့် နာဂျက်ဖ်မြို့များတွင် အန္တရာယ်မျဉ်းကြောင်းကို ကျော်ဖြတ်ခဲ့ပြီဖြစ်ခြင်းကြောင့် ယခုအခါ မိမိတို့၏မူဝါဒမှာ ခုခံတိုက်ခိုက်မှုကို အီရတ်တစ်နိုင်ငံလုံး ခုခံတိုက်ခိုက်မှုအနေအထားသို့ တိုးချဲ့သွားရန်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

လွန်ခဲ့သည့်သီတင်းပတ်၌ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအပေါ် ဖိအား ပိုပေးလာသော အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များကို ရေရှည်စစ်ပွဲဆင်နွှဲရန် အားတင်းထားကြောင်း ဆာဒါ၏ မီဒီတပ်ဖွဲ့မှ တပ်မှူးအချို့က ပြောကြားသည်။

တိုက်ခိုက်

ဆာဒါ၏ ထိပ်တန်းလက်ထောက်အရာရှိက ပြည်သူ့စစ်များသည် ယခုအချိန်ထိ ၎င်းတို့၏စွမ်းအားကို အပြည့်အဝ အသုံးမချရသေးကြောင်း ပြောဆိုသည်။ အမေရိကန်တပ်ဖွဲ့ဝင်များကို ပြည်သူ့စစ်တို့သည် စိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာများအပြင် အေကေ–၄၇ ရိုင်ဖယ်များဖြင့် တိုက်ခိုက်ခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

မေ ၁၁ ရက်က ဖော်လူဂျာမြို့ကို အီရတ်တပ်ဖွဲ့ဝင်များ ထိန်းချုပ်နိုင်ပြီဖြစ်သဖြင့် အောင်ပွဲခံပျော်ရွှင်နေသော အီရတ်ပြောက်ကျားများအား တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မတရားနှိပ်စက်မှုတွေ့ရှိချက်များ ကမ္ဘာသို့အသိပေးရန် နိုင်ငံတကာဆိုင်ရာကြက်ခြေနီ နေ့စဉ်ဖိအားပေးခံနေရ

ဂျီနီဗာ မေ ၁၀

လပေါင်းများစွာ အမေရိကန်တပ်ဖွဲ့ဝင်တို့ မတရားညှဉ်းပန်းနှိပ်စက်ခဲ့မှုများနှင့်ပတ်သက်၍ အီရတ်အကျဉ်းသားများထံမှ ပထမဦးစွာ သိထားခဲ့သော နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီကော်မတီသည် ယင်း၏ တွေ့ရှိချက်များကို ပြည်သူသို့ အသိပေးမည် မပေးမည်ကို နေ့စဉ် ဖိအားပေးနေရသည်။

နှစ်စဉ် နိုင်ငံ ၈၀ ရှိ အကျဉ်းသား ၄၆၀၀၀၀ ထံ တိတ်တဆိတ်သွားရောက်ခဲ့သော လူသားချင်းစာနာသည့် အေဂျင်စီသည် မတရားညှဉ်းပန်းနှိပ်စက်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ စိုးရိမ်ကြောင်းကို ဖမ်းဆီးထိန်းသိမ်းသော အာဏာပိုင်များအား ထုတ်ဖော်အသိပေး ပြောဆိုခဲ့သည်။

သက်တမ်း ၁၄၁ နှစ်ရှိပြီဖြစ်သော လူသားချင်းစာနာသည့် အေဂျင်စီသည် ဖမ်းဆီးထိန်းသိမ်းခြင်း ခံရသူများထံမှ ကြားသိခဲ့ရသည်များကို ရေငုံနှုတ်ပိတ်နေခဲ့သည်။ သို့ရာတွင် အိုင်စီအာစီသည် အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ ဖမ်းဆီးထားသော အီရတ်လူမျိုး ၁၀၀၀၀ ခန့်ထံ သွားရောက်ခဲ့မှုများအပေါ် အခြေခံသော လျှို့ဝှက်အစီရင်ခံစာကို ယူအက်စ်ဝေါလ်စထရိဂျာနယ်တွင် သောကြာနေ့၌ ယင်း၏ သဘောတူချက်မပါဘဲ ဖော်ပြခဲ့ရာမှ ဖိအားပေးခံခဲ့ရသည်။

အမေရိကန် အာဏာပိုင်များထံ ဖေဖော်ဝါရီလ၌ ပေးခဲ့သော အိုင်စီအာစီ အစီရင်ခံစာသည် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို လူလိုသူလိုမဆက်ဆံခဲ့ကြောင်း အတည်ပြုထားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်အကျဉ်းသားများကို ဗြိတိသျှတပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းမှုနှင့်ပတ်သက်၍ မေ ၁၁ ရက်က လန်ဒန်မြို့တွင် ကန့်ကွက်ဆန္ဒပြနေသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ရမ်းစဖဲလ်နှင့် အခြားပင်တဂွန်ထိပ်တန်းခေါင်းဆောင်များ အကျဉ်းသားများအားနှိပ်စက်မှုဖြင့်ဖယ်ရှားရန် အာမီတိုင်းမ်သတင်းစာကရေးသား

ဝါရှင်တန် မေ ၁၁

အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်သည့် အရုပ်တော်ပုံနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစဖဲလ်နှင့် အခြားပင်တဂွန်အရပ်ဘက်နှင့် စစ်ဘက်ထိပ်တန်းခေါင်းဆောင်များကို ဖယ်ရှားရမည်ဖြစ်ကြောင်း အာမီတိုင်းမ်သတင်းစာက တနင်္လာနေ့၌ ရေးသားဖော်ပြလိုက်သည်။

အာမီတိုင်းမ်သတင်းစာသည် ဂန်နက်ကုမ္ပဏီပိုင် သတင်းစာဖြစ်ပြီး စောင်ရေ ၂၅၀၀၀၀ မျှရှိသည်။ အလားတူ အယ်ဒီတာ့အာဘော်ကို လေတပ်၊ ရေတပ်နှင့် မရိန်းတပ်ဖွဲ့တိုင်းမ်သတင်းစာများ၌လည်း ဖော်ပြခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစဖဲလ်သည် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်မှုကို သူ၏ကိုင်တွယ်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဒီမိုကရက်အမတ်အချို့က ရာထူးမှ နုတ်ထွက်ရန် တောင်းဆိုထားကြသည်။ သို့ရာတွင် ရာထူးမှနုတ်ထွက်မည် မဟုတ်ကြောင်း သောကြာနေ့၌ ၎င်းက ပြောကြားခဲ့သည်။

အရေးယူမည်

ရမ်းစဖဲလ်နှင့်ပင်တဂွန် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ လေတပ်ဗိုလ်ချုပ်ကြီး ရစ်ချတ်မိုင်ယာတို့က အကျဉ်းသားနှိပ်စက်ခံရမှုကို ဘုရှ်အား သတင်းပို့ အလွန်နောက်ကျခဲ့ကြောင်း ဝန်ခံခဲ့ကြပြီး အမှုကိုစုံစမ်းနေကြောင်းနှင့် ပြစ်မှုကျူးလွန်ခဲ့သူများကို အပြစ်ပေးအရေးယူမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

တရားစွဲ

အဘူဂါရိပ်အကျဉ်းထောင်ကို တာဝန်ယူခဲ့သော စစ်ရဲတပ်ဖွဲ့ကို အုပ်ချုပ်ခဲ့သူ ဗိုလ်မှူးချုပ် ဂျာနစ်ကာပင်စီသည် စစ်ဘက်ဆိုင်ရာ အရေးယူခြင်းခံရဖွယ်ရှိပြီး တပ်ဖွဲ့ဝင်ခုနစ်ဦးကို တရားစွဲဆိုထားကြောင်း အာမီတိုင်းမ်သတင်းစာ၏ အယ်ဒီတာ့အာဘော်၌ ရေးသားထားသည်ကို တွေ့ရသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်ရှိ လျှပ်စစ်ဓာတ်အားသိုလှောင်ရုံမီးလောင်

ဘဂ္ဂဒက် မေ ၁၁

ဘဂ္ဂဒက်ရှိ လျှပ်စစ်ဓာတ်အားသိုလှောင်ရေးစက်ရုံ တနင်္လာနေ့က မီးလောင်ခဲ့သည်။ သို့သော် ယင်းမီးလောင်မှုသည် ဖောက်ခွဲဖျက်ဆီးခံရခြင်းကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့်လည်းကောင်း ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးဟုဆိုသည်။

အမေရိကန်ဦးဆောင်သော တပ်များအား တိုက်ခိုက်နေသော ပြောက်ကျားများသည် စစ်ပြီးကာလ ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုများ ပျက်ပြားစေရန် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများနှင့် ပြည်ပသို့ ရေနံတင်ပို့သော ပိုက်လိုင်းများအား ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။

ပျက်စီး

မီးလောင်မှုမဖြစ်ပွားမီ မီးလောင်ပေါက်ကွဲသံများကို ကြားခဲ့ရကြောင်း၊ မီးလောင်မှုကြောင့် လျှပ်စစ်ကေဘယ်ကြိုးများနှင့် မီးကြိုးခွေများ ပျက်စီးခဲ့ရကြောင်း စက်ရုံ လုံခြုံရေးအရာရှိက ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားပြီးနောက် အနီးရှိ စက်ရုံခွဲများအား ပိတ်ပစ်လိုက်ရသည်။ အီရတ်တောင်ပိုင်းရှိ ရေနံပိုက်လိုင်း ဖျက်ဆီးတိုက်ခိုက်ခံရပြီးနောက် အီရတ်နိုင်ငံ၏အဓိကကျသော တောင်ပိုင်းမှ ရေနံတင်ပို့မှုသည် နှေးကွေးသွားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

မတရားညှဉ်းပန်းနှိပ်စက်သည့်အဖြစ်မျိုး ထပ်မဖြစ်စေရန် အာမခံချက်ပေးရေး အမေရိကန်ကို မလေးရှားတိုက်တွန်း

ကွာလာလမ်ပူ မေ ၁၀

ဘဂ္ဂဒက်ရှိ အဘူဂါရိပ်အကျဉ်းထောင်၌ အီရတ်အကျဉ်းသားများ မတရားညှဉ်းပန်းနှိပ်စက်ခံရသည့်အဖြစ်မျိုး နောက်ထပ်မပေါ်စေရန်အတွက် အမေရိကန်ပြည်ထောင်စုက အာမခံချက်ပေးရန် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက တနင်္ဂနွေနေ့တွင် တိုက်တွန်းလိုက်သည်။

အမေရိကန်ပြည်ထောင်စုက ယင်း၏တပ်ဖွဲ့များကို ညွှန်ကြားချက်ပေးလျှင် ဤကိစ္စသည် ဖြစ်နိုင်သည်ဟု ဝန်ကြီးချုပ်က ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များက အကျဉ်းသားများကို မတရားနှိပ်စက်မှုအပေါ် သမ္မတဂျော့ဒဗလျူဘုရှ်၏ ဝန်ချတောင်းပန်မှုနှင့်စပ်လျဉ်း၍ မေးမြန်းသည့်အခါ မလေးရှားဝန်ကြီးချုပ်က ဤအတိုင်း ပြောကြားခဲ့သည်။

စနေနေ့ကမှ ဒုတိယဝန်ကြီးချုပ် နာဂျစ်တွန်အဗ္ဗဒူရာဇက်ခ်က ကျူးလွန်သူများကို ပြင်းပြင်းထန်ထန်အပြစ်ပေး အရေးယူခြင်းမရှိဘဲ ဂျော့ဒဗလျူဘုရှ် တောင်းပန်ရုံဖြင့် မလုံလောက်ဟု ပြောဆိုခဲ့သည်။

အမေရိကန်တပ်ဖွဲ့များက စစ်သုံ့ပန်းများကို ပြုမူဆက်ဆံသည့်စနစ်ကို ပြန်လည်သုံးသပ်ခြင်းအပါအဝင် အမေရိကန်ခေါင်းဆောင် သမ္မတဘုရှ်သည် ပြင်းပြင်းထန်ထန်အရေးယူမှု ဆောင်ရွက်သင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းဖြစ်ရပ်များသည် သီးခြားဖြစ်ရပ်များမဟုတ်၍ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားသည်။

ပြစ်မှုကျူးလွန်သူများကို ပြင်းပြင်းထန်ထန်အပြစ်ပေး အရေးယူရမည်ဖြစ်ပြီး အကျဉ်းသားများအား ဘက်ပေါင်းစုံပြုမူဆက်ဆံမှုကို အမေရိကန်အစိုးရက ပြန်လည်သုံးသပ်သင့်ကြောင်း ၎င်းက ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မေ ၁၀ရက်က ဘဂ္ဂဒက်မြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဗုံးကြဲတိုက်ခိုက်ပြီး ပျက်စီးနေသော အဆောက်အအုံများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖမ်းဆီးထားခြင်းခံရသည့် အီရတ်အကျဉ်းသားများအနက် တစ်ဦးကိုတွေ့ခွင့်ရရှိရန် စောင့်ဆိုင်းနေရသော အီရတ်အမျိုးသမီးနှင့် ၎င်း၏ကလေးငယ်ကို မေ ၁၀ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိုပ် အကျဉ်း စခန်းအပြင်ဘက်၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၁၀ရက်က ဘဂ္ဂဒက်မြို့ရှိ ဆာဒါ၏ရုံးကို အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

မေ ၉ရက်က ကူဖာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားပြီး ပျက်စီးသွားသော အဆောက်အအုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆေးကုသ

ကူဖာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားပြီး ဒဏ်ရာရရှိခဲ့သည့် အီရတ်ကလေးငယ်တစ်ဦး နာဂျက်ဖ် ဆေးရုံတွင် မေ ၁၀ ရက်က ဆေးကုသမှု ခံယူနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၁၀ရက်က ဘဂ္ဂဒက်မြို့ရှိ လျှပ်စစ်ဓာတ်အား သိုလှောင်ရုံ မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

13-5 (6).p65 1 03/24/1905, 11:27 PM

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

နန်းမြင့်မျှော်စင်

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီးဥယျာဉ်တွင် တည်ဆောက်ထားသည့် နန်းမြင့်မျှော်စင်၏ အလှကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

လျှပ်စစ်ဓာတ်အားပေးစက်ရုံ

မကွေးတိုင်း စေတုတ္တရာမြို့နယ်တွင် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ရေအားလျှပ်စစ် ၇၅ မဂ္ဂါဝပ်ထုတ်လုပ်ပေးမည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက် ထားသည်။

[ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)]

သောက်သုံးရေပေးဝေလျက်ရှိသည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်တွင်ရှိသော ဖူးကြီးရေလှောင်ကန်ကြီးအတွင်း ပတ်ဝန်းကျင် ရေဝေရေလဲ ကောင်းမွန်မှုကြောင့် ရေများ ပြည့်လျှံနေသည်ကို ဤသို့တွေ့ရသည်။

[ဓာတ်ပုံမှတ်တမ်း-သန်းဆွေ(ပန်းဘဲတန်း)]

ရေးမြစ်ကူးတံတား

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ မွန်ပြည်နယ် ရေးမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော တံတားအရှည် ၈၅၇ ပေ၊ သံကူကွန်ကရစ် အမျိုးအစား၊ ရထားလမ်း၊ ကားလမ်း ပါရှိသည့် ရေးမြစ်ကူး တံတားကို တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့မီးရထား)

❒ ကျောဖုံးမှ

အစည်းအဝေး နံနက်ပိုင်းသဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)က ဆောင်ရွက်သည်။

အထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေး အစီအစဉ်များကို ဖတ်ကြားကြေညာပြီး အစည်းအဝေးသို့ ဗဟိုဦးစီးအဖွဲ့ဝင် ၁၇၈ဦးတက်ရောက်ရန်ရှိသည့်အနက် ၁၅၃ဦး တက်ရောက်ကြရာ တက်ရောက်မှုရာခိုင်နှုန်းအားဖြင့် ၈၅ ဒသမ ၉၆ ရှိသဖြင့် အစည်းအဝေးထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီဝင်၏အစီရင်ခံစာကို ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးဝင်းအောင်(ထက်သူအောင်)၊ ဧရာဝတီတိုင်း မြန်အောင်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်တင်ရီ(နေဝန်းနီနီ)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးသန်းဝေ(သန်းဝေ-တောင်ကြီး)၊ စစ်ကိုင်းတိုင်း မုံရွာမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးတင်အောင်(ခြိမ့်သဲ)နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးသန်းကျော်(မြောက်ဦးအနီချေ)တို့က အသီးသီး အကြံပြုထောက်ခံဆွေးနွေးကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထောက်ခံဆွေးနွေး

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဗဟိုအမှုဆောင်ကော်မတီ၏ ဘဏ္ဍာရေးရှင်းတမ်း(၂၀၀၂-၂၀၀၄)ကို ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမြင့်ကြည်(မြင့်ဝင်းနီ)က အကြံပြု ထောက်ခံ ဆွေးနွေးပြီး စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးလှမြင့်(ကော့သောင်းရွှေပြည်စိုး)က အကြံပြုထောက်ခံဆွေးနွေးသည်။

ခေတ္တရပ်နား

ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)က ကွယ်လွန်သူ သက်ကြီးစာပေပညာရှင်များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်ရန် အဆိုတင်သွင်းပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းတည့် ၁၂နာရီတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင်(သန်းမောင်)က ဆောင်ရွက်ပြီးအခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)က ဆောင်ရွက်သည်။

အစီအစဉ်အရ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာအပေါ် ဗဟိုဦးစီးအဖွဲ့ဝင်များ၏ အကြံပြုဆွေးနွေးချက်များကို ဗဟိုအမှုဆောင်ကော်မတီကိုယ်စား မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၃) ဦးမြင့်သိန်း(မြင့်သိန်းအောင်)က ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် ပဲခူးတိုင်း(အနောက်) သဲကုန်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးလှဝေ(တက္ကသိုလ်လှဝေ)က အဆိုတင်သွင်းရာ မကွေးတိုင်းရေနံချောင်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးကျော်ညွှန့်(ရေနံ့သာ မောင်ကျော်ညွှန့်)က ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ဗဟိုအမှုဆောင်ကော်မတီ၏ ဘဏ္ဍာရေးရှင်းတမ်း(၂၀၀၂-၂၀၀၄)နှင့် စာရင်းစစ်အစီရင်ခံစာတို့ကို အတည်ပြုရန် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးရွှေ(ရွှေရိုး)က အဆိုတင်သွင်းရာ ချင်းပြည်နယ် မင်းတပ်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမောင်ရှိန်း(ဆရာတော်လာ)က ထောက်ခံဆွေးနွေးသည်။

အတည်ပြုကြေညာ

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးက ချမှတ်သည့် ဆုံးဖြတ်ခြင်း(၃)ရပ်၊ အတည်ပြုခြင်း(၃)ရပ်နှင့် မှတ်တမ်းတင်ခြင်း(၄)ရပ်တို့ကို အခမ်းအနားမှူးက အစည်းအဝေးသို့ တင်ပြရာ သဘာပတိက အစည်းအဝေး တက်ရောက်လာကြသူ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များ၏ ဆန္ဒကိုရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင်(သန်းမောင်)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် ဗဟိုဦးစီးအဖွဲ့ဝင် ကိုယ်စားလှယ်များက မှတ်တမ်းတင်လက်မှတ်ရေးထိုးကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီခွဲတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ဆောင်ရွက်သည်။

ဂုဏ်ယူဖွယ်ကောင်း

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ယခုလိုဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပစဉ် နိုင်ငံတော်၏ အမျိုးသားညီလာခံကြီး စတင်ကျင်းပမည့်ကာလနှင့် နီးကပ်တိုက်ဆိုင်နေကာ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးက "အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ မြန်မာနိုင်ငံစာပေလောကသားအားလုံးက အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ကြရန်" အဆိုနှင့် "ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားများအားလုံး စုပေါင်း

အစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ရန်ကုန်မြို့တော်ရှိ စာပေပညာရှင်များ၊ စာပေလောကသားများနှင့် အလွယ်တကူထိတွေ့နိုင်သော်လည်း အခြားပြည်နယ်နှင့်တိုင်းများမှစာပေလောကသားများနှင့်တွေ့ဆုံရန်မလွယ်ကူသဖြင့် ယခုကဲ့သို့ တွေ့ဆုံခွင့်ရရှိ၍ ဝမ်းမြောက်ပါကြောင်း။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေး ဒုတိယနေ့အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းစဉ်။ (သတင်းစဉ်)

သဘာပတိ

ဒုတိယနေ့တွင် မွန်းလွဲပိုင်း သဘာပတိအဖြစ် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဒုတိယနေ့တွင် နံနက်ပိုင်း သဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

နံနက်ပိုင်း အခမ်းအနားမှူးအဖြစ် ဗဟိုအမှုဆောင် ကော်မတီဝင် ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်း အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဗဟိုအမှုဆောင်ကော်မတီဝင် ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)က ဝမ်းနည်းကြောင်း မှတ်တမ်းတင်ရန် အဆိုကို တင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးဒုတိယနေ့တွင် ပြည်နယ်/တိုင်းအသီးသီးမှ ဗဟိုဦးစီးအဖွဲ့ဝင် ကိုယ်စားလှယ်များ ဆုံးဖြတ်ချက်လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးသန်းဝေ(သန်းဝေ-တောင်ကြီး)က ဗဟိုအမှုဆောင်အစီရင်ခံစာကို ထောက်ခံအကြံပြုတင်ပြဆွေးနွေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးသန်းကျော်(မြောက်ဦးအနီချေ)က ဗဟိုအမှုဆောင် အစီရင်ခံစာကို ထောက်ခံ အကြံပြုတင်ပြ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း သဲကုန်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးလှဝေ(တက္ကသိုလ်လှဝေ)က ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မင်းတပ်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမောင်ရှိန်း(ဆရာတော်လာ)က ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို အတည်ပြုရန် ထောက်ခံစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးရွှေ(ရွှေရိုး)က ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာကို အတည်ပြုရန် အဆိုပြုတင်သွင်းစဉ်။ (သတင်းစဉ်)

ပါဝင်တည်ဆောက်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မပြိုကွဲရေးအတွက် မြန်မာနိုင်ငံ စာပေလောကသားအားလုံးတို့က တိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်စွာ လက်တွဲကာကွယ် ထိန်းသိမ်းစောင့်ရှောက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ အမြန်ရောက်ရှိအောင် အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်သွားကြရန်” အဆိုတို့ကို အဆိုပြုထောက်ခံဆွေးနွေးနိုင်ခဲ့ကြသောကြောင့် အဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်၏အမျိုးသားရေး တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်ခွင့် ရသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူဖွယ်ကောင်းပါကြောင်း။

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူများအား ဖျော်ဖြေရေး၊ ပြန်ကြားရေးနှင့် အသိပညာဗဟုသုတဖြန့်ဝေပေးနေသော ဝန်ကြီးဌာနဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးနှင့် စာပေ လောကသားများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ရိုးရာ ပန်းပညာရှင်များစသည့် အနုပညာ နယ်ပယ်အသီးသီး၌လည်း မြန်မာ့ ယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့် လျော်ညီအောင်၊ ရှင်သန်ခိုင်မြဲအောင်၊ ပျောက်ပျက် ဆုံးရှုံးခြင်းမရှိရအောင် ထိန်းသိမ်းသည့်တာဝန်ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ကြီးတို့သည် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားများပင် ဖြစ်ကြရာ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ပူးပေါင်းဆောင် ရွက်သွားမည်ဟုပြောကြားလိုကြောင်း။

ဒုတိယနေ့တွင်သဘာပတိ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကြိုးပမ်းဆောင်ရွက်

မြန်မာစာပေအဆင့်အတန်း ပိုမိုမြင့်မားရေးအတွက် မိမိတို့တွင် တာဝန်ရှိသည့်အပြင် တိုင်းရင်းသား ပြည်သူအားလုံးအတွက် မြန်မာစာပေ ပျံ့နှံ့ရောက်ရှိကာ စာပေအရသာခံစားနိုင်ကြရန် ကြိုးပမ်းဆောင်ရွက်သွားကြရန် တာဝန်ရှိသည်ဟု ယုံကြည်ပါကြောင်း။



မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း (မြင့်သိန်းအောင်)က ဗဟိုအမှုဆောင် ကော်မတီ၏ အစီရင်ခံစာအပေါ် ဆွေးနွေးချက်များကို ပြန်လည် ဖြေကြားစဉ်။
(သတင်းစဉ်)

မြန်မာစာပေသည် ကမ္ဘာ့စာပေတွင် အဆင့်အတန်းမနိမ့်ကြောင်း၊ ထို့အတူ မြန်မာစာပေပညာရှင်များ၏ အတွေးအခေါ် အရေးအသားတို့သည်လည်း အဆင့်အတန်းမနိမ့်ကြောင်း၊ သို့ရာတွင် ကမ္ဘာသို့ပျံ့နှံ့မှုအားနည်းနေသည်ဟု ဆိုနိုင်ကြောင်း၊ ယင်းကို စာပေပညာရှင်များနှင့် မိမိတို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ထို့အတူ စာပေလောကသားများအနေဖြင့် ပြည်သူတို့နှင့်အတူစာပေလောကသားတစ်ရပ်လုံးပါဝင်လျက် ပြည်ထောင်စုစိတ်ဓာတ်နှင့် ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်ဆိုသော စည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကို အခြေခံ၍ “တစည်းတလုံးတည်းသောပြည်ထောင်စုကြီး”အဖြစ် ဖော်ဆောင်သွားကြရန်နှင့် နိုင်ငံတော်၏

စာမျက်နှာ ၁၁ ကော်လံ ၁

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်ရောက်ရှိအောင်ပါဝင်တည်ဆောက် နိုင်ငံတော်တည်ဆောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ပြန့်ပွားရေး စဉ်ဆက်မပြတ်လှုံ့ဆော်ရေးသား အစည်းအဝေးမှဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများချမှတ်

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ယမန်နေ့နှင့် ယနေ့တို့တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးက ဆုံးဖြတ်ခြင်းသုံးရပ်၊ အတည်ပြုခြင်းသုံးရပ်နှင့် မှတ်တမ်းတင်ခြင်းလေးရပ်တို့ကို ချမှတ်ဆောင်ရွက်သည်။

ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းသုံးရပ်အနက် ဆုံးဖြတ်ခြင်းအမှတ်(၁)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး **ပထမနေ့ (၁၁–၅–၂၀၀၄ရက်) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြွက်ကြားချီးမြှင့်သော အဖွင့်မိန့်ခွန်းပါ ဩဝါဒ** မိန့်မှာချက်များကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးသွားကြရန် ဆုံးဖြတ်ခြင်းဖြစ်သည်။

ဆုံးဖြတ်ခြင်းအမှတ်(၂)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ပထမနေ့ (၁၁–၅–၂၀၀၄ ရက်)တွင် ဗဟိုအမှုဆောင်ကော်မတီက အောက်ပါအဆိုလေးရပ်ကို တင်သွင်းခဲ့သည်။ (၁) အမျိုးသား ညီလာခံကြီးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်တိုင်းက အင်တိုက်အားတိုက် **ပါဝင်ဆောင်ရွက်ရေး၊ (၂) ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားများအားလုံး စုပေါင်းပါဝင် တည်ဆောက်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်**ကြီး မပြိုကွဲရေးအတွက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်အားလုံးတို့က တိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်စွာ လက်တွဲကာကွယ် ထိန်းသိမ်းစောင့်ရှောက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ အမြန်ရောက်ရှိအောင် အင်တိုက်အားတိုက်ပါဝင် တည်ဆောက်သွားရေး၊ (၃) မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းလုပ်ငန်းများကို နိုင်ငံတကာနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာပေလောက **သားအားလုံးတို့က တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရေး၊ (၄) မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည်** စာပေလောကသား အားလုံးကို စာပေကဏ္ဍအသီးသီး၌ စည်းရုံးစုစည်းလျက် ကျစ်လျစ်ခိုင်မာသော အဖွဲ့အစည်းအဖြစ် ဆက်လက်စည်းရုံးတည်ဆောက်သွားရေးအဆို လေးရပ်ကို ဗဟိုအမှုဆောင်ကော်မတီဝင်လေးဦးက တင်သွင်းခဲ့ပြီး ဗဟိုဦးစီးအဖွဲ့ဝင် လေးဦးက အသီးသီးထောက်ခံဆွေးနွေးခဲ့ရာ အဆိုပါ အဆို လေးရပ်ကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် အားလုံးတို့၏ လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ အောင်မြင်အောင်အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခြင်း ဖြစ်သည်။

ဆုံးဖြတ်ခြင်းအမှတ်(၃)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံတွင် ချမှတ်ခဲ့သော ယခုဗဟိုဦးစီးအဖွဲ့ အစီရင်ခံစာပါ ရှေ့လုပ်ငန်းစဉ်ကိုးရပ်ဖြစ်သည့် (၁) နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရေး၊ (၂)နိုင်ငံတော် **တည်ဆောက်ရေးတွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက မိမိတို့အတတ်ပညာဖြင့် ကျရာကဏ္ဍမှ နိုင်ငံအကျိုးကို တစ်တပ်တစ်အား နိုးကြားတက်ကြွစွာ** ပါဝင်ဆောင်ရွက်ရေး၊ (၃)အဖွဲ့ဝင်များ တိုးချဲ့စည်းရုံးရေး၊ ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာရေး၊ ဦးဆောင်မှုမြင့်မားရေးနှင့် စည်းရုံးလှုပ်ရှားမှု သွက်လက်ထက်မြက်ရေးတို့အတွက် ဆောင်ရွက်ရေး၊ (၄)စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၏ အတတ်ပညာဖွံ့ဖြိုးရေး၊ သက်သာချောင်ချိရေး၊ စာပေဆိုင်ရာ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားအောင် ဆောင်ရွက်ရေး၊ (၅)စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စာပေနှင့် **စာနယ်ဇင်းသမားများသည် အဖွဲ့၏ဦးဆောင်မှုဖြင့် တက်ကြွစွာ ပါဝင်ရိုင်းပင်းဆောင်ရွက်စေရေး၊ (၆)စာပေနှင့် စာနယ်ဇင်းသမားများ၏ အတတ်ပညာ၊** နည်းပညာနှင့် သုတရသရေးသားမှု အရည်အချင်း မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်များပေါ်ထွန်းလာရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ (၇)နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရှင်သန်ထွန်းကား ပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသားရေး၊ (၈)အမျိုးသားအမွေ ဂုဏ်ဝင်နှင့် ခေတ်ပြိုင်မြန်မာစာပေကို ထိန်းသိမ်းမြှင့်တင်ရင်းပြည်တွင်းပြည်ပ ကျယ်ပြန့်စွာလေ့လာဖတ်ရှုသိရှိနိုင်ရေး၊ (၉)လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ကျေးလက်ဒေသအထိ စာပေ၏ အကျိုး **ပြုမှုကို ရရှိခံစားနိုင်ရေးတို့ကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ အောင်မြင်အောင်ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်းဖြစ်သည်။**

အတည်ပြုခြင်း

အတည်ပြုခြင်းသုံးရပ်အနက် အတည်ပြုခြင်းအမှတ် (၁)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေး ပထမနေ့ (၁၁–၅–၂၀၀၄ရက်)တွင် ဗဟိုအမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)တို့ တင်သွင်းသော ဗဟိုအမှုဆောင်ကော်မတီ အစီရင်ခံစာကို ဗဟိုဦးစီးအဖွဲ့ဝင် ငါးဦးက ထောက်ခံဆွေးနွေးခဲ့ကြပြီး အဆိုပါ အစီရင်ခံစာကို အတည်ပြုခြင်းဖြစ်သည်။

အတည်ပြုခြင်းအမှတ်(၂)မှာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ပထမနေ့ (၁၁–၅–၂၀၀၄ ရက်)တွင် ဘဏ္ဍာရေးအစီရင်ခံစာ ၂၀၀၂–၂၀၀၄ ခုနှစ်ကို ဘဏ္ဍာရေးမှူး ဦးသန်းမောင်(သန်းမောင်)က တင်သွင်းရာ အဆိုပါဘဏ္ဍာရေးအစီရင်ခံစာကို အတည်ပြုခြင်းဖြစ်သည်။

အတည်ပြုခြင်းအမှတ်(၃)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ပထမနေ့ (၁၁–၅–၂၀၀၄ရက်) တွင် စာရင်းစစ် အစီရင်ခံစာကို စာရင်းစစ်အဖွဲ့ ခေါင်းဆောင်ကိုယ်စား ဗဟိုအမှုဆောင်ကော်မတီဝင် ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း–လမ်းမတော်)က တင်သွင်းရာ အဆိုပါ အစီရင်ခံစာကို အတည်ပြုခြင်းဖြစ်သည်။

မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းလေးရပ်အနက် မှတ်တမ်းတင်ခြင်း အမှတ်(၁)မှာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ထူးချွန်ဂုဏ်ပြုဆုများကို ပထမအကြိမ်ချီးမြှင့်ရာတွင် စာပေလုပ်ငန်းအရပ်ရပ်၌ ကာလရှည်ကြာစွာ ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့် အမျိုးသားစာပေ တစ်သက်တာဆု၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)၊ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ကင်းဘရစ် (IBC)က ချီးမြှင့်သော ဆုများရရှိခဲ့ကြသည့် စာပေပညာရှင် ၁၉ ဦးတို့သည် မြန်မာစာပေကိုသာမက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး၏ ဂုဏ်ရောင်ကိုပါ ထွန်းပြောင်စေခဲ့သောကြောင့် ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ခြင်းဖြစ်သည်။

မှတ်တမ်းတင်ခြင်းအမှတ်(၂)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ အစိုးရမဟုတ်သော အဖွဲ့အစည်းခြောက်ရပ်မှ သဝဏ်လွှာများပေးပို့ခဲ့ပြီး အဖွဲ့အစည်းခုနစ်ရပ်မှ ပန်းခြင်းများပေးပို့ဂုဏ်ပြုခဲ့သည်။ သဝဏ်လွှာများကို ဤအစည်းအဝေး ပထမနေ့ (၁၁–၅–၂၀၀၄ရက်)နံနက်ပိုင်းတွင် ဖတ်ကြားတင်ပြခဲ့ပြီး အဆိုပါ သဝဏ်လွှာများနှင့် ပန်းခြင်းများပေးပို့သော အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ခြင်းဖြစ်သည်။

မှတ်တမ်းတင်ခြင်းအမှတ်(၃)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး အောင်မြင်စွာ **ကျင်းပနိုင်ရေးအတွက် အလှူငွေများထည့်ဝင်ကူညီခဲ့သည့် အလှူရှင်များ၊ အနုပညာအား၊ ပစ္စည်းအားတို့ဖြင့် ပါဝင်ကူညီခဲ့သည့် အမျိုးသားညီလာခံ** ကျင်းပရေးကော်မရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများကိုလည်းကောင်း၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အနုပညာရှင်များနှင့် ကူညီဆောင်ရွက်သူ ပုဂ္ဂိုလ်အားလုံးကိုလည်းကောင်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ခြင်းဖြစ်သည်။

မှတ်တမ်းတင်ခြင်းအမှတ်(၄)မှာ တတိယအကြိမ် ညီလာခံကျင်းပပြီးချိန် မှ ၂၀၀၄ ခုနှစ် မတ် ၃၁ ရက်အထိ သက်ကြီးစာပေပညာရှင် ၁၇ ဦး၊ **စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ၉၀၊ ပေါင်း ၁၀၇ ဦးကွယ်လွန်ခဲ့ပြီး ဗဟိုအမှုဆောင်ကော်မတီဝင် ဦးကြည်ညွန့်(ချစ်ကြည်ရေးကြည်ညွန့်)သည်လည်း** (၁၁–၄–၂၀၀၄ရက်)တွင် ကွယ်လွန်ခဲ့သည်။ သို့ဖြစ်ပါ၍ ကွယ်လွန်သူအားလုံးအတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီက စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဝင်များအားလုံးကိုယ်စား သက်ဆိုင်ရာမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲကြောင်း မှတ်တမ်းတင်ခြင်းတို့ဖြစ်သည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း မုံရွာမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးတင်အောင် (ခြိမ့်သဲ)က ဗဟိုအမှုဆောင် အစီရင်ခံစာကို ထောက်ခံအကြံပြု တင်ပြဆွေးနွေးစဉ်။
(သတင်းစဉ်)

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးဝင်းအောင် (ထက်သူအောင်)က ဗဟိုအမှုဆောင် အစီရင်ခံစာကို ထောက်ခံအကြံပြုတင်ပြဆွေးနွေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမြင့်ကြည် (မြင့်ဝင်းနီ)က ဘဏ္ဍာရေးရှင်းတမ်းကို ထောက်ခံအကြံပြု တင်ပြဆွေးနွေးစဉ်။
(သတင်းစဉ်)

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးလှမြင့် (ကော့သောင်း–ရွှေပြည်စိုး)က စာရင်းစစ်အဖွဲ့အစီရင်ခံစာကို ထောက်ခံအကြံပြု တင်ပြဆွေးနွေးစဉ်။
(သတင်းစဉ်)

မကွေးတိုင်း ရေနံချောင်းမြို့နယ်မှ ဗဟိုဦးစီး အဖွဲ့ဝင် ဦးကျော်ညွန့် (ရေနံ့သာမောင်ကျော်ညွန့်)က ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မြန်အောင်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်တင်ရီ(နေဝန်းနီနီ)က ဗဟိုအမှုဆောင် အစီရင်ခံစာကို ထောက်ခံအကြံပြု တင်ပြဆွေးနွေးစဉ်။ (သတင်းစဉ်)

တရားဟောကြားမည်

ရန်ကုန် မေ ၁၂

ဘုရားအနေကဇာတင်၊ သိက္ခာ ထပ်မင်္ဂလာနှင့် ရတနာဒီပသိမ်တော် ကြီး ရေစက်ချမင်္ဂလာပွဲကို ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ရတနာကျွန်းရိပ်သာ ကျောက်စိမ်းပတ်လမ်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပ မည်ဖြစ်ရာ မေ၁၅ရက် ည ၇နာရီတွင် စစ်ကိုင်းတောင်ရိုး သီတဂူ ရှင်ဉာဏိဿရ ဆရာတော်က တရား တော်များ ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

သားငါးပွံ့ပြိုး ပြည်အကျိုး

မိုးစနေ လေရာဟု

မောင်ထွန်းလွင် (မိုးလေဝသ)

"ရွာသူရွာသားအပေါင်းတို့ခင်ဗျား၊ ရာဟုထောင့်မှ လေနီကြမ်းများ ဆင်လာနေပြီဖြစ်တဲ့အတွက် မိမိတို့ရဲ့မီးခွက်များ၊ မှန်အိမ်များကို လုံးဝငြိမ်းသတ်ထားကြပါရန်နဲ့ မီးဖိုချောင်မှ မီးကြွင်းမီးကျန်များကိုလဲ သေချာစွာ ငြိမ်းသတ်ထားကြပါရန် အကျိုးမျှော်ပြီး နှိုးဆော်အပ်ပါတယ်ဗျိုး" ရွာဆော်ဘကြီးထွေးရဲ့ အောင်မြင်လှတဲ့အသံဝါကြီးနဲ့ တစ်ရွာလုံးပတ်ကာ မောင်းတဒူဒူထုအော်သံကြီးကို ကျွန်တော်ငယ်စဉ်က နွေရာသီကျောင်းအပိတ် အညာက အဘိုးအဘွားများရှိရာ အဖေအမေတို့ရွာကိုပြန်စဉ် နွေဦးပေါက်ရာသီ ရောက်တိုင်း မကြာမကြာ ကြားမြင်ခဲ့ရပါတယ်။ အဲဒီလိုအော်ပြီးတာနဲ့မကြာ ခင်မှာဘဲ အနောက်မြောက်အရပ်ဘက်ဆီမှ လေနီကြမ်းများကျလာပြီး တဝုန်းဝုန်း တရုန်းရုန်းနဲ့ လေပြင်းများ တိုက်ခတ်လာတော့တာပါပဲ။ ပူပြင်းခြောက်သွေ့လှတဲ့ အညာဒေသမှာ နွေရာသီမီးဘေးအန္တရာယ်ကို ကြောက်ကြရတဲ့အတွက် ရွာဝေလေ့အရ မီးဘေး နှိုးဆော်ချက်ပဲဆိုပါတော့။

ငယ်ငယ်တုန်းကတော့ ကြောက်တာတစ်ခုတည်းပဲသိလေတော့ ဘကြီးထွေးရဲ့ ရွာဆော်သံပါ အချက်အလက်တွေကို သေသေချာချာမစဉ်းစားမိခဲ့ပါဘူး။ အသက်အရွယ်ကလေးရလာတော့မှဘကြီးထွေးရဲ့ရွာဆော်သံပါ ရာဟုထောင့်ဆိုတာကို စဉ်းစားလာခဲ့မိတယ်။ တစ်ဆက်တည်းလိုပဲ အဘိုးကအစ ဦးလေး၊ အစ်ကို အပါအဝင် ရွာကအားလုံးသော တောင်သူလယ်သမား များရဲ့နှုတ်ဖျားမှာ မကြာမကြာသုံးလေ့ရှိနေတဲ့ 'မိုးစနေလေရာဟု'ဆိုတဲ့ အသုံး အနှုန်းကို သတိပြုမိလာခဲ့တယ်။

တကယ်တော့ ကျွန်တော်ငယ်ငယ်က ပူပြင်းခြောက်သွေ့တဲ့ အညာဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းမှာပါဝင်တဲ့ ကျွန်တော့်အဘိုးအဘွားများရှိရာဒေသက တောင်သူလယ်သမားများဟာ အလွန်ပင်ပန်းဆင်းရဲကြတယ်။ စိုက်ပျိုးရေး ဆောင်ရွက်ကြရာမှာ ပူပြင်းတဲ့နေဒဏ်ကိုရှောင်နိုင်ဖို့ နံနက်နှစ်ချက်တီး လောက်ကတည်းက လယ်တောဆင်းပြီး လယ်ထွန်ကြရတယ်။ ထွန်ရေးပြင်ပြီး တော့လဲ အမောမဖြေနိုင်ကြပါဘူး။ မသေချာမရေရာတဲ့ မိုးကိုလဲ တစ်ခါ မျှော်ကြရပြန်ပါတယ်။ စိုက်ပျိုးရေးဖြင့်သာ အသက်မွေးကြရတဲ့ ကျွန်တော့် ရွာက ဆွေမျိုးသားချင်းများအတွက်တော့ ရာသီဥတုဟာ အသက်ပါပဲ။ ဒီတော့ မိရိုးဖလာ မိုးလေဝသခန့်မှန်းနည်းတွေ၊ အမှတ်အသားတွေ ရှိလာကြရပါတယ်။ ဥပမာ– 'မိုးစနေ လေရာဟု' ဆိုတာမျိုးလိုပေါ့။ အဓိပ္ပာယ်ကတော့ မိုးဆိုရင် စနေထောင့်ဖြစ်တဲ့ အနောက်တောင်ထောင့်၊ လေဆိုရင် ရာဟုထောင့်ဖြစ်တဲ့ အနောက်မြောက်ထောင့်ကလာပြီဆိုရင် သေချာပေါက်ရွာမယ်၊ တိုက်မယ်လို့ ဆိုလိုရင်းပါပဲ။ ယနေ့ခေတ်စကားနဲ့ တစ်နည်းပြောရရင် ရွာရန်ရာနှုန်းပြည့် ဖြစ်တယ်ပေါ့။ ဒီရိုးရာ မိုးလေဝသခန့်မှန်းနည်းကလေးဟာ ယနေ့ ကျွန်တော်တို့ သိထားရတဲ့ သိပ္ပံနည်းကျ တွေ့ရှိချက်များနဲ့ တစ်ထပ်တည်းကျနေတာကို ထူးခြားစွာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တစ်ပြည်လုံးအတွက်မိုးကို အဓိကပေးနေတဲ့ဖြစ်စဉ်ဟာ အနောက်တောင်မုတ်သုံလေဖြစ်ပါတယ်။ ဒါကြောင့် ဆရာစန္ဒရား(ဦး)လှထွတ် ကလဲ သူ့ရဲ့ အောင်မြင်ကျော်ကြားလှတဲ့ တိမ်တမန် သီချင်းမှာ "တိမ်မည်းညိုရိပ်တွေ … တောင်ပြန်လေ"လို့ စပ်ဆိုခဲ့ခြင်းဖြစ်တယ်။ တောင်ဘက်က ပြန်လာတဲ့ တောင်လေထဲက တိမ်မည်းညိုရိပ်တွေတဲ့လေ။ မိုးစနေဆိုတာ ဒါပဲပေါ့။ အဲအထက်ပိုင်းနဲ့အညာဒေသအတွက်တော့ လေဆိုရင် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ရွေ့ရွေ့လာတဲ့ Norwester လို့ ကျွန်တော်တို့ခေါ်တဲ့ အနောက်လေစီးကြောင်းများအတွင်းက လေထုအနှောင့်အယှက်များ (Western Disturbances) ပဲဖြစ်ကြတယ်။

မြန်မာနိုင်ငံရဲ့ မြောက်ဘက်မှာ ဟိမဝန္တာတောင်တန်းကြီး ရှိပါတယ်။ ဆောင်းတွင်းကာလဆိုရင် အိန္ဒိယနိုင်ငံမြောက်ဘက်မှာ အနောက်လေစီးကြောင်းများ တိုက်ခတ်ပါတယ်။ အဲဒီလေစီးကြောင်းများဟာ ဟိမဝန္တာတောင်တန်းကြီးနဲ့ ထိတွေ့မိတဲ့အခါမှာတော့ နှစ်ပိုင်းကွဲပြီး အဲဒီအထဲကတစ်ပိုင်းက အိန္ဒိယနိုင်ငံ မြောက်ပိုင်းကနေပြီး မြန်မာနိုင်ငံအတွင်းကို အနောက်မြောက်ဘက်အရပ်က နေပြီး တိုးဝင်လာပါတယ်။ အဲဒီလေအေးစီးကြောင်းတွေထဲမှာ မျောပါလာတတ်တဲ့ မိုးလေဝသဖြစ်စဉ်တွေက မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသတွေကို မိုးရွာပေးလေ့ရှိပါတယ်။ မိုးကြိုကာလဖြစ်တဲ့ မတ်လနဲ့ဧပြီလ ရောက်လာတဲ့အခါမှာတော့ နေရဲ့သွားရာ လမ်းကြောင်းကမ္ဘာ့မြောက်ဘက်ကို ရောက်လာပြီဖြစ်တဲ့အတွက် မြန်မာနိုင်ငံအတွင်းရှိ ကုန်းမြေတွေဟာ တစ်နေ့ထက်တစ်နေ့ပူပြင်းလာတယ်။ အဲဒီအခါပူပြင်းတဲ့ အောက်ခံမြေပြင်ရဲ့အပေါ်ကို အေးတဲ့ အနောက်မြောက်ဘက်ကလေတွေ တိုးဝင်လာရင် လေထုအထက်အောက် မငြိမ်မသက် (Vertical Instability)ဖြစ်စေပြီးတော့ မိုးတိမ်တောင်များဖြစ်တော့ တာပါပဲ။ ဒီတိမ်တောင်များဟာ အခြား ပူ၊ ပွ၊ ပေါ့ဖြစ်စဉ်နဲ့ဖြစ်တဲ့ မိုးတိမ်တောင်များထက် ပိုမြင့်လို့ မိုးသက်လေပြင်းများ တိုက်ခတ်ရုံမက တစ်ခါတစ်ရံမိုးရွာပြီး မိုးသီးလဲ ကြွေကျတတ်ပါတယ်။ မိုးကြိုးလဲပစ်တယ်ပေါ့လေ။ တစ်နည်းပြောရရင် မိုးသီးကြွေတဲ့တိမ်ဆိုရင် မြောက်ဘက်က လေအေးတွေ ဝင်လို့ဖြစ်တဲ့ မိုးတိမ်တောင်ပဲလို့ မှတ်ယူနိုင်ပါတယ်။ အဲဒီ တိမ်တိုက်တွေဟာ မတ်လ၊ ဧပြီလဆိုရင် မြန်မာနိုင်ငံ မြောက်ပိုင်းစွန်း ဒေသများဖြစ်တဲ့ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနဲ့ ကချင်ပြည်နယ်တွေမှာ မကြာမကြာ အနောက်ကအရှေ့ကို ဖြတ်ဖြတ်သွားပြီး လေပြင်းတိုက်မိုးရွာစေတတ်ပါတယ်။ ဒါတွေကိုပဲ ခေတ်သစ် မိုးလေဝသပညာမှာ Norwester လို့ ခေါ်ဆိုခြင်းဖြစ်တယ်။

ပုံမှန်အားဖြင့် ဒီ Norwester တွေဟာ မတ်လနဲ့ဧပြီလအတွင်းရောက်ရင် လတ္တီတွဒ် ၂၀ ဒီဂရီမျဉ်းရဲ့မြောက်ဘက်လောက်မှာပဲ ဖြတ်တတ်ပေမယ့် ဒီနှစ် ၂၀၀၄ ခုနှစ်အတွင်းမှာတော့ လေအေးများနဲ့ ဖွဲ့စည်းထားတဲ့ အဲဒီ Norwester များဟာ ပိုမိုအားကောင်းနေခဲ့တဲ့အတွက် ပုံမှန်ထက် အကြိမ်အရေအတွက် ပိုများခဲ့တဲ့အပြင် ပုံမှန်ထက်လဲ တောင်ဘက်လတ္တီတွဒ် နိမ့်ရာကို ထိုးဆင်းခဲ့တာကို တွေ့ရတယ်။ ဒါကြောင့် ဧပြီလအတွင်း လေပြင်းတိုက်ခတ်မှုနဲ့ မိုးသီးကြွေကျမှုမှာ နယ်မြေဒေသ၁၁ခုလောက်မှာ ဖြစ်ပေါ်စေခဲ့တဲ့အပြင် နေရာဒေသအားဖြင့်လဲ မြေလတ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ်ဒေသများအထိ နိမ့်ဆင်းခဲ့ပါတယ်။

ဒီအနေအထားဟာ မြန်မာနိုင်ငံမြောက်ဘက်ပိုင်းဒေသများရဲ့ အမြင့်ဆုံးအပူချိန်တွေကို ကျဆင်းစေပြီး တောင်ဘက်ပိုင်းဒေသများရဲ့ အမြင့်ဆုံးအပူချိန်တွေကို မြင့်တက်စေခဲ့တယ်။ အဲဒါဟာ လေဖိအားကိုလဲ မြောက်ဘက်မှာ များစေပြီး တောင်ဘက်မှာလျော့နည်းစေခဲ့တဲ့အတွက် လေတွေကို မြောက်မှ တောင်ဘက်ဆီကို တိုက်ခတ်စေခဲ့ပါတယ်။ ဒါဟာ မုတ်သုံလေစီးကြောင်းနဲ့ ဆိုရင် ဆန့်ကျင်ဘက်ပဲပေါ့။ Antimonsoon Circulation တွေဆိုပါတော့။ တကယ်တော့ ဧပြီလဟာ မိုးကြိုကာလဖြစ်လို့ တောင်ဘက်အရပ်က အနောက်တောင်မုတ်သုံလေဦးဟာ မြန်မာနိုင်ငံအတွင်းကို တစ်စတစ်စ တိုးဝင်ရမယ့် ကာလဖြစ်တယ်။ အခုတော့ မြောက်ကတောင်ကို တိုက်နေတဲ့ မုတ်သုံဆန့်ကျင် လေစီးကြောင်းများကြောင့် မုတ်သုံလေဦးဟာ မြန်မာနိုင်ငံအတွင်းကို တိုးမဝင်နိုင်ဘဲ ဖြစ်နေခဲ့တယ်။

ဧပြီလမှာ မြန်မာနိုင်ငံတစ်ဝန်းမှာ တကယ်တော့ အောက်ခံမြေပြင်ဟာ ပူပြင်းနေပြီးဖြစ်ပါတယ်။ ဒါပေမယ့် ရေငွေ့သယ်လာမယ့် မုတ်သုံလေဦးများ တောင်ဘက်မှတိုးမဝင်လာနိုင်တာကြောင့် Moisture influx မရတော့ တိမ် မဖြစ်တော့ပါဘူး။ တိမ်ကလဲမဖြစ်၊ လေကလဲ ကောင်းကောင်းမတိုက်ခတ်နိုင်တော့ မြန်မာနိုင်ငံ မြေလတ်ပိုင်းနဲ့တောင်ပိုင်းဒေသတွေမှာ ဧပြီလအတွင်း မိုးဆိုတာဝေးလို့ တိမ်တောင် ကောင်းကောင်းမဖြစ်ခဲ့ပါဘူး။ တကယ်တော့ တိမ်တို့၊ လေတိုက်ခတ်မှုတို့ဆိုတာတွေဟာ အခုလိုနွေကာလမှာ အရေးကြီးပါတယ်။ သူတို့ကြောင့် အပူဒဏ်ကို လျော့နည်းစေတယ်။ တိမ်တွေက ကမ္ဘာ့မြေပြင်ရှိရာကို နေကဝင်လာတဲ့ Incoming Solar Radiation (Insolation)ကို လျော့နည်းစေတယ်။ တိုက်ခတ်တဲ့လေက အပူစုစည်းမှုကို လျော့နည်းစေတဲ့အတွက် Moderating Effect ကို ဖြစ်စေပြီး အပူကိုမျှတစေတယ်။ အခုတော့ ဒီနှစ်၂၀၀၄ခုနှစ်ရဲ့ ဧပြီလအတွင်းမှာ တိမ်ကလဲ မဖြစ်၊ မုတ်သုံလေဦးကလဲ မဝင်ခဲ့တာကြောင့် မြေလတ်ပိုင်း၊ မြစ်ဝကျွန်းပေါ် ဒေသများနဲ့ တောင်ပိုင်းဒေသများမှာ၊ အထူးသဖြင့် ဧပြီလရဲ့နောက်ဆုံး အပတ်ထဲမှာ နေ့အပူချိန်တွေ မြင့်တက်ခဲ့တယ်။ ပဲခူးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်တွေမှာ ဖြစ်မြဲထက်၂ ဒီဂရီ စင်တီဂရိတ်လောက် အထိ ပိုပူပြင်းခဲ့တယ်။ ကယားပြည်နယ်နဲ့ တနင်္သာရီ တိုင်းမှာတော့ အဲဒီထက်ကျော်လွန်ပြီး ဖြစ်မြဲထက် ၅ဒီဂရီစင်တီဂရိတ်လောက်အထိ ပိုပူခဲ့တယ်။

ဧပြီလရဲ့ မိုးရွာသွန်းမှုကို ပြန်ကြည့်တဲ့အခါ မြန်မာနိုင်ငံမြောက်ပိုင်းစွန်း ဒေသတွေမှာသာ ရွာသွန်းမြဲကို ပြည့်မီခဲ့ပြီး တောင်ဘက်ရောက်လေ ရွာသွန်းမြဲရဲ့ အောက် လျော့နည်းလေဖြစ်လာပါတယ်။ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေမှာ ဆိုရင် ရွာသွန်းမြဲရဲ့အောက် ၈၀ရာခိုင်နှုန်းလောက်အထိ လျော့နည်းနေတာ တွေ့ရတယ်။ အမြင့်ဆုံးအပူချိန်တွေကလဲ မြောက်ပိုင်းဒေသများဖြစ်ကြတဲ့ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းတွေမှာ ဖြစ်မြဲရဲ့အောက် လျော့နည်းနေခဲ့ပြီး ကျန်ဒေသတွေမှာတော့ ဖြစ်မြဲရဲ့ထက် ကျော်လွန်နေခဲ့တယ်။

တကယ်တော့ ရာဟုထောင့်နဲ့ စနေထောင့်ဆိုတာဟာ မြန်မာနိုင်ငံရဲ့ မြောက်ဘက်နဲ့တောင်ဘက်ပါပဲ။ မြောက်ဘက်ကလေအေး၊ တောင်ဘက်က လေနွေး။ ဧပြီ၊ မေ နွေဦးဆိုတော့ တောင်ဘက်ကမုတ်သုံလေတွေ မြောက်ဘက် တက်ရမယ့်အချိန်။ ဒါ့ကြောင့် တိုက်ပွဲတစ်ခုလို ဥပမာထားပြီး အားချိန်ဆကြည့်ရရင် တောင်ဘက်ကလေက တိုက်စစ်၊ မြောက်ဘက်ကလေကခံစစ်။ တိုက်စစ်က အားပျော့နေပြီး ခံစစ်ကအားကောင်းနေရင် တပ်ကတော်တော်နဲ့ မချီတက်နိုင်သလိုမိုးကလဲတော်တော်နဲ့မကျနိုင်ဘူး။အလားတူပဲ တိုက်စစ်ကကောင်းနေပြီး ခံစစ်ကပျော့နေရင်လဲ တပ်ကရှေ့ကို မြန်မြန်ချီတက်နိုင်သလို မိုးကလဲမြန်မြန် ကျပါလိမ့်မယ်။ ဒါကတော့ သဘာဝကျတဲ့ဖြစ်ရပ်ပါပဲ။ ယခုနှစ် ၂၀၀၄မှာတော့ ပြီးခဲ့တဲ့ ဧပြီလရဲ့အလိုအရ ခံစစ်တွေကောင်းလွန်းနေခဲ့တယ်။ ဒါပေမယ့် မေလဆန်းရောက်လာတော့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်တဲ့ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတို့မှာ အပူချိန်တွေဟာ ၄၅ဒီဂရီ စင်တီဂရိတ် လောက်အထိ မြင့်တက်လာတယ်။ အောက်ပိုင်း ဒေသတွေမှာ အပူချိန်တွေကျလာတယ်။

ဒါကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းမှာ အပူကြောင့်ဖြစ်ပေါ်တဲ့ လေဖိအားနည်းရပ်ဝန်း (Thermal Low)တစ်ခုပေါ်လာပြီး တောင်ဘက်အရပ်မှာ လေထုဖိအားတွေ တက်လာပါတယ်။ ဒါဟာ တောင်ဘက်အရပ်မှ မြောက်ဘက် အရပ်ဆီသို့ လေတွေကို တိုက်ခတ်စေတော့မှာ ဖြစ်ပါတယ်။ ဒီလိုဆိုရင်ဖြင့် မုတ်သုံလေဦးများဟာလဲ တပ်လှန့်အန္တိုးခံလိုက်ရသလို နိုးကြွလာပြီး မြန်မာနိုင်ငံဘက်ဆီကို ချီတက်လာကြရင်ဖြင့် ပုံမှန်အနေအထားကို ရောက်တော့မှာဖြစ်တဲ့အတွက် မကြာမတင်မှာပဲ အများပြည်သူတို့မျှော်လင့်နေကြတဲ့ မိုးသံလေသံများ ကြားကြရတော့မှာဖြစ်ပါတယ်ဆိုတဲ့အကြောင်း တင်ပြလိုက်ရပါတယ်။ ။

၂၀၀၄ခုနှစ် ဧပြီလအတွင်း ဒေသအချို့တွင်ဖြစ်ပေါ်ခဲ့သော လေပြင်းတိုက်ခတ်မှုများ

ရက်စွဲ	အချိန်	မြို့နယ်	လေတိုက်ခတ်မှု	ရာသီဥတုအခြေအနေ
၁-၄-၀၄		မန္တလေး	လေတိုက်နှုန်းတစ်နာရီမိုင် ၅၀ခန့်	လေပြင်းတိုက်၊ မိုးရွာ
၄-၄-၀၄		ရန်ကုန်	အနောက်မြောက်ဘက်မှ ၄၀ မိုင်/နာရီခန့်	လေပြင်းတိုက်၊ မိုးရွာ
၆-၄-၀၄		ကျောက်တော်	အနောက်ဘက်မှတစ်နာရီမိုင် ၅၀ ခန့်	လေပြင်းတိုက်၊မိုးရွာ
၁၃-၄-၀၄		သပိတ်ကျင်း	အနောက်မြောက်ဘက်မှ မိုင် ၅၀/ နာရီ	လေပြင်းတိုက်၊ မိုးရွာ၊ မိုးသီးကြွေ
၁၃-၄-၀၄		ဇန်းမော်	လေတိုက်နှုန်းတစ်နာရီမိုင် ၃၅ မိုင်ခန့်	လေပြင်းတိုက်၊မိုးရွာ
၁၈-၄-၀၄		ဝမ်းတွင်း	လေတိုက်နှုန်းတစ်နာရီမိုင် ၆၀ ခန့်	လေပြင်းတိုက်
၁၈-၄-၀၄		သပိတ်ကျင်း	လေတိုက်နှုန်းတစ်နာရီမိုင် ၅၀ ခန့်	လေပြင်းတိုက်၊ မိုးသီးကြွေ၊ မိုးရွာ
၂၁-၄-၀၄	၁၇း၂၅-၁၈း၀၀	ကြံခင်း	လေတိုက်နှုန်းတစ်နာရီမိုင် ၆၀ ခန့်	လေပြင်းတိုက်၊ မိုးသည်းထန်စွာရွာ
၂၇-၄-၀၄	၁၆း၁၀-၁၆း၃၀	မုံရွာ	အနောက်ဘက်မှ မိုင် ၅၀-၆၀ /နာရီခန့်	လေပြင်းတိုက်၊ မိုးရွာ၊ မိုးသီးကြွေ
၂၇-၄-၀၄	၁၇း၂၀-၁၇း၄၀	စစ်ကိုင်း	အနောက်ဘက်မှ မိုင် ၂၀ /နာရီခန့်	လေပြင်းတိုက်၊ မိုးရွာ၊ မိုးသီးကြွေ
၂၇-၄-၀၄	၁၇း၄၅-၁၈း၂၀	မန္တလေး	အနောက်ဘက်မှ တစ်နာရီ ၂၅ မိုင်ခန့်	လေပြင်းတိုက်၊ မိုးရွာ၊ မိုးသီးကြွေ
၂၈-၄-၀၄	၁၇း၄၀-၁၈း၀၀	ဟသ်ာတမြို့	အနောက်ဘက်မှ တစ်နာရီ ၃၅-၄၀မိုင်နှုန်း	မိုးထစ်ချုန်းရွာ၊ လေပြင်းတိုက်
၂၈-၄-၀၄	၁၅း၃၀-၁၈း၀၀	မအူပင်	အနောက်မြောက်ဘက်မှ ၃၅မိုင်/နာရီခန့်	မိုးရွာ၊ လေပြင်းတိုက်၊ မိုးသီးကြွေ

တတိယအကြိမ် ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ဂုဏ်ပြု မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုအစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးရှိန်အောင်ဗိုလ် (ရှိန်အောင်ဗိုလ်)နှင့် အတွင်းရေးမှူး ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)တို့က ငွေကျပ် ၁၀၀၀၀၊ စစ်ကိုင်းတိုင်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးချစ်ထွေး (မောင်ချစ်ထွေး-မဟာဝိဇ္ဇာ)က ငွေကျပ် ၂၀၀၀၀၊ ရန်ကုန်တိုင်း သန်လျင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် လသာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၁၀၀၀၀ စီ၊ ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၅၀၀၀ စီ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း **(ဝဲပုံ)** နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

အမျိုးသားရေးတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပြီး ရှေ့ဆက်လက်၍ အမျိုးသားရေးတာဝန်၊ စာပေတာဝန်များကို အောင်မြင်စွာ ဆက်လက် ထမ်းဆောင်သွားကြပါဟု တိုက်တွန်းပါကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)က နိဂုံးချုပ် အမှာစကားပြောကြားပြီး ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အစည်းအဝေးတက်ရောက်လာကြသည့် ဗဟိုဦးစီးအဖွဲ့ဝင်များ၊ လေ့လာသူများက **အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေး(ဒို့အရေး၊ ဒို့အရေး)၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းလုပ်ငန်းများကို နိုင်ငံတကာနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေး(ဒို့အရေး၊ ဒို့အရေး)၊ ကျစ်လျစ်ခိုင်မာသော အဖွဲ့အစည်းအဖြစ် ဆက်လက်စည်းရုံး တည်ဆောက်သွားရေး (ဒို့အရေး၊ ဒို့အရေး)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရှေ့လုပ်ငန်းစဉ်များအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး(အောင်ရမည်၊ အောင်ရမည်)** ဟု ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြကာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသည် ညနေ ၃နာရီ ၁၀မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အစည်းအဝေးအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အစည်းအဝေးတက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် လေ့လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

အာဆီယံနိုင်ငံများအချင်းချင်းအကောက်ခွန်လျှော့ပေါ့ရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီနှင့် ကျွမ်းကျင်သူများကော်မတီတို့ ပထမအကြိမ်ညှိနှိုင်း

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေအတွင်း အာဆီယံနိုင်ငံများအချင်းချင်း အကောက်ခွန်လျှော့ပေါ့ရေးဆိုင်ရာ သဘောတူညီချက် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းမှုကော်မတီနှင့် အာဆီယံအကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်သူများကော်မတီတို့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး Mr. Noordin Azhari က အဖွင့်အမှာစကားပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ အဆိုပါညှိနှိုင်းအစည်းအဝေးနှင့် တစ်ဆက်တည်း(၃၃)ကြိမ်မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေအတွင်း အာဆီယံနိုင်ငံများအချင်းချင်း အကောက်ခွန်လျှော့ပေါ့ရေးဆိုင်ရာ သဘောတူညီချက် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းမှုကော်မတီ အစည်းအဝေး (33rd CCCA)နှင့် (၁၃)ကြိမ်မြောက် အာဆီယံအကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်သူများ အစည်းအဝေး (13th ECCM)တို့ကို မေ ၁၃ ရက်မှ ၁၅ ရက်အထိရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပန်းလို စမ်းလို လမင်းလို

* စာပေနဲ့ စာနယ်ဇင်း
ပန်းခင်းသို့ မွှေးမြကြည်။
ကြည်နူးဖွယ် ဖူးအပွင့်တွေနဲ့
ထူးတင့်လှသည်။
ဗဟိုဦးစီးအဖွဲ့စုံညီ
ချစ်ကြည်စွာဆွေးနွေး။
အမျိုးသားရေး အမြင်မှန်လို့
နိုးကြားအတွေး ရှင်သန်ဖို့
တစ်ခွင်မြန် အောင်မည့်လမ်းမှာ
အောင်ပန်းတွေမွှေး။
* စာပေနဲ့ စာနယ်ဇင်း
စီးဆင်းတဲ့ စမ်းရေကြည်။
ကဗျာချို စာချိုရေးလို့
အေးမြစေမည်။
ပြည်နယ် တိုင်း အလှပန်းချီ
ရေးသီဖွဲ့မနေး။
အမျိုးဂုဏ် ဇာတိဂုဏ်နဲ့
စာပေဂုဏ် ဘယ်မညှိုးအောင်
ကြိုးပမ်းစို့လေး။
* စာပေနဲ့ စာနယ်ဇင်း
လမင်းသို့ လင်းရောင်ခြည်။
ပြည်သူ့ရင် ကြည်လင်ဝင်းအောင်
အလင်းငှမည်။
ကလောင်သွားကိုဖြင့်
ဆောင်ဓားပင် မယှဉ်သာဘု
တစ်ခွင်မြန်မာ အကျိုးများစေဖို့
အမျိုးသားရေး စွမ်းအားပီ
တို့ကိုယ်စီ ပါဝင်စို့။
ကြည့်မဆုံးအောင်ပ
ပြည့်ဘုန်းရောင် ရွှေတောင်မောက်သလို
ထွန်းတောက်ချိန်မို့။ ။

(မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကြီးကို ဂုဏ်ပြုလျက်)

မြင်းမူမောင်နိုင်မိုး

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်
မေလ (၁၁) ရက်မှ (၁၃) ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

မေ ၁၁ ရက်က ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကို ကျိုက္ကဆံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှရှိန်နှင့် မြို့နယ်ဦးစီးဌာနမှူး ဒေါ်ခင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မီးကိုကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ



သုံးခွစံပြကျေးရွာအခြေခံပညာမူလတန်းကျောင်းများပြုပြင်တည်ဆောက်မှု ပြည်ထဲရေးဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင် ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မေ ၁၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၁ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းတောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် သုံးခွစံပြကျေးရွာသို့ရောက်ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဆောက်လုပ်လှူဒါန်းသည့် သုံးခွကျေးရွာ ဖလန်းဘုန်းတော်ကြီးကျောင်း ဘက်စုံပြုပြင်ရေစက်ချ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ ကွမ်းခြံကုန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဇဋိလထံမှ ငါးပါးသီလခံယူပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးသည် ပြည်ထဲရေးဝန်ကြီးဌာနက ဆောက်လုပ်လှူဒါန်းသည့် ကွမ်းခြံကုန်းမြို့နယ် သုံးခွစံပြကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ဆောက်လုပ်မှုအခြေအနေများကိုလည်းကောင်း၊ ကော့မှူးမြို့နယ် မြို့ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် လာဝတီကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းများ ပြုပြင်တည်ဆောက်မှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာန **ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင် ပြည်ထဲရေးဝန်ကြီးဌာနက ဆောက်လုပ်လှူဒါန်းသည့် ကွမ်းခြံကုန်းမြို့နယ် သုံးခွစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်မှုကိုကြည့်ရှုစဉ်။**
(ပြည်ထဲရေး)

ဦးမောင်မောင်စိုးတင့်(အငြိမ်းစား သံအမတ်ကြီး) ဦးဆောင်သော မေတ္တာရေစင် ဓမ္မဝိတဒါန၏ (၁၈)ကြိမ်မြောက် အလှူအဖြစ် ရန်ကုန်မြို့ အရိုးအထူးကုဆေးရုံကြီးရှိ လူနာများအား တစ်ဦးချင်း ငွေလှူဒါန်းပွဲနှင့် ဆေးပဒေသာပင် စိုက်ထူပွဲကို မေ၁၂ရက်က ဆေးရုံအုပ်ကြီးရုံးခန်း၌ကျင်းပရာလှူဒါန်းငွေများကို ဆေးရုံအုပ်ကြီးက လက်ခံရယူစဉ်။
(မြန်မာ့အလင်း)

● ၁၆၀ခုမြောက်မှ

နိုင်ငံတော်၏ထူးခြားသော ပထဝီသွင်ပြင်နှင့် နိုင်ငံအဝန်းပျံ့နှံ့တည်ရှိနေသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်နယ်၊တိုင်းဒေသအနှံ့တွင် ရေခံမြေခံများနှင့် ဆီလျော်ညီညွတ်မည့် စိုက်ပျိုးရေးအခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးလျက်ရှိသည်။ ဒေသနှင့်သဘာဝပတ်ဝန်းကျင်တွင် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားအကျိုးတရားများ တိုးပွားခံစားနိုင်ရေးတို့ကိုရှေးရှုလျက် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ ရေထိန်းတံခါးကြီးများကို အကောင်အထည်ဖော်ပေးလျက်ရှိသည်။

ဗိုက္ကရဲ ရေထိန်းတံခါး

နိုင်ငံနှင့်အဝန်း လယ်ယာမြေဧက နှစ်သန်းကျော်ကို ဆယ်စုနှစ်ကာလအတွင်း အကျိုးခံစားနိုင်စေရန် ငွေကျပ်သန်းပေါင်း ခြောက်သောင်းကိုးထောင်ခန့် အရင်းအနှီးပြုပြီး ဆည်တမံရေရရှိရေးနှင့် ရေဘေးကာကွယ်ရေး စီမံကိန်းများ တည်ဆောက်လုပ်ကိုင်ခဲ့ရာ မွန်ပြည်နယ်တွင် ၂၀၀၂ခုနှစ် ဇွန်လ ၂၅ရက်က ဖွင့်လှစ်ခဲ့သည့် ဧရိယာဧကနှစ်သောင်း အကျိုးပြုသော သထုံမြို့နယ် ဗိုက္ကရဲ ရေထိန်းတံခါးကို တည်ဆောက်ခဲ့သည်။

၁၆၀ခုမြောက်ရေထိန်းတံခါး

ဒုတိယမြောက် ရေထိန်းတံခါးဖြစ်သော မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံထော်ရေထိန်းတံခါးကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ တည်ဆောက် အကောင်အထည်ဖော်ခဲ့ရာ တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ရက်များမကြာမီ ၁၆၀ခုမြောက် ဆည်မြောင်းတာတမံစာရင်းဝင် ရေထိန်းတံခါးအဖြစ် ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ကျုံထော်ရေထိန်းတံခါး

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မိုးစပါးဧက ၁၂သန်း၊ နွေစပါးဧက စုစုပေါင်း ၁၆သန်း တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ ရေနက်ကွင်းများ တိုးချဲ့စိုက်ပျိုးရေးကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး၏ ဆည်မြောင်းဦးစားပေးအလိုက် သတ်မှတ်ဆောင်ရွက်ချက်အရ ကျုံထော်ရေထိန်းတံခါးကို တည်ဆောက်ခြင်းဖြစ်သည်။

ဧက ၂၂၀၀၀ခန့် အကျိုးပြုနိုင်

ရေထိန်းတံခါးသည် မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံထော်ချောင်းဘေးတွင်တည်ရှိသည်။ ဤရေထိန်းတံခါးမှာ မွန်ပြည်နယ် သထုံမြို့နယ် အတွင်းရှိ ရေလွှမ်းကွင်းများအား မိုးရာသီတွင်ရေထုတ်နုတ်နိုင်ရန်လည်းကောင်း၊ နွေရာသီတွင် မုတ္တမပင်လယ်ကွေ့မှ တက်လာသော ဒီရေနှင့်အတူ ရေငန်နှင့် နုန်းများမဝင်ရောက်နိုင်ရန်လည်းကောင်း၊ ရေချိုထိန်းသိမ်းသိုလှောင်ထားခြင်းဖြင့် လယ်ဧက ၂၂၀၀၀ခန့်ကို အကျိုးပြုနိုင်ရန်လည်းကောင်း ရည်ရွယ်ခြင်းဖြစ်သည်။



မွန်ပြည်နယ်ရှိ တည်ဆောက်မည့် ဆည်အစုအဖွဲ့များ တည်နေရာပြမြေပုံကို ကတိုက်ရေလှောင်တမံ တည်ဆောက်ရေးရှင်းလင်းဆောင်တွင် တွေ့ရစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

မိုးရေချိန်လက်မ ၂၀၀ ရွာသွန်း

ကျုံထော်ရေထိန်းတံခါးကို ကျုံထော်ချောင်းပေါ်တွင် တည်ဆောက်ထားခြင်းကြောင့် ကျုံထော်ရေထိန်းတံခါးဟု အမည်ပေးထားသော်လည်း ကျုံထော်ချောင်းနှင့် ပန်းတိမ်ချောင်းတို့ဆုံစည်းပြီး ကျုံထော်ချောင်းဖြစ်လာခြင်းဖြစ်သည်။ ကျုံထော်ချောင်းဒေသတွင် နှစ်စဉ်ပျမ်းမျှ မိုးရေချိန်လက်မ ၂၀၀ ရွာသွန်းခဲ့၍ အကျယ်ခြောက်ပေ၊ အမြင့် ၁၂ပေရှိသော ကွန်ကရစ်ရေတံခါး၂၇ပေါက်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

ကျုံထော်ချောင်းမှဝင်လာသော ရေချိုများကို ပေ ၇၀၀ရှည်သော ရေခေါ် မြောင်းမှတစ်ဆင့် ပေ ၅၀၀ရှိသည့် ရေထုတ်မြောင်းမကြီးဖြင့် မိုးစပါး၊နွေစပါး စိုက်ပျိုးနိုင်ရန် ရေပေးမည်ဖြစ်ရာ ကျုံထော်ချောင်းဘေးရှိ ရေနက်ကွင်းဧက ၂၂၀၀၀ကျော်ကို အကျိုးသက်ရောက်စေမည်ဖြစ်သည်။

ကွန်ကရစ်တံခါး ၂၇ ပေါက်

ကျုံထော်ရေထိန်းတံခါးကို ခြောက်ပေ x ၁၂ပေအရွယ်အစား ကွန်ကရစ်တံခါး ၂၇ပေါက်ဖြင့် တည်ဆောက်သည့်အပြင် ရေထိန်းရေထုတ် ပြုလုပ်နိုင်ရန် တစ်ပေါက်လျှင် (Flap Gate) ရေထုတ်တံခါးတစ်ရွက်နှင့် (Silt Gate) နုန်းတံခါးသုံးရွက်ဖြင့် တပ်ဆင်တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။

တည်ဆောက်ရေး(၆)မှတာဝန်ယူ

ကျုံထော်ရေထိန်းတံခါး(မွန်ပြည်နယ်)စီမံကိန်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏လမ်းညွှန်ချက်နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ကြီးကြပ်ကွပ်ကဲပြီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးဇော်ဝင်း ဦးဆောင်၍ အင်ဂျင်နီယာအရာထမ်း ၁၀ဦး၊ အင်ဂျင်နီယာအမှုထမ်း ရှစ်ဦး စုစုပေါင်း အင်ဂျင်နီယာ ၁၈ဦးဖြင့်လည်းကောင်း၊ လုပ်သားအင်အား ၄၀၀တို့ဖြင့်လည်းကောင်း ၂၀၀၂ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့မှ စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းနှင့်ပြည်နယ် အသီးသီးတို့တွင် ရေကြီးရေနစ်မြုပ်ခြင်း၊ ရေငန်များဝင်၍ လယ်မြေများ ပျက်စီးခြင်းတို့မှကာကွယ်ရန်အတွက် ရေထိန်းတံခါးများကို တည်ဆောက်ခဲ့ရာတွင် ပဲခူးတိုင်းအတွင်း၌ ရှမ်းကိုင်ရေထိန်းတံခါး၊ ပိုင်ကျုံရေထိန်းတံခါး၊ တာဝရေထိန်းတံခါး၊ ရွှေလေ့ရေထိန်းတံခါးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းတွင် ဇီးဖြူကုန်း ရေထိန်းတံခါး၊ မိုးမခရေထိန်းတံခါး၊ ကွမ်းခြံကုန်းရေထိန်းတံခါး၊ ဧရာဝတီတိုင်းတွင် ပန်းလှိုင်ရေထိန်းတံခါး၊ မဲဇလီ ရေထိန်းတံခါး၊ ဝါးတောရေထိန်းတံခါး၊ ထနီးရေထိန်းတံခါးနှင့် မွန်ပြည်နယ်တွင် ဗိုက္ကရဲရေထိန်းတံခါးနှင့် မကြာမီဖွင့်လှစ်နိုင်တော့မည့် ကျုံထော်ရေထိန်းတံခါးအပါအဝင် ရေထိန်းတံခါးပေါင်း ၁၂ခုကို ငွေကျပ်သန်းပေါင်းသုံးထောင်ရှစ်ရာကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့သည်။

ကျုံထော်ရေထိန်းတံခါး တည်ဆောက်ခြင်းဖြင့် မုတ္တမပင်လယ်ကွေ့မှ ပင်လယ်ရေများဝင်လာခြင်းကိုတားဆီး၍ ရေချိုများကိုသိုလှောင်ပြီး မိုးစပါး၊ နွေစပါးများ စိုက်ပျိုးရန်ဆောင်ရွက်သည့် စီမံကိန်းနည်းတူ မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း၌ပင် ရင်းငြိမ်ချောင်းဘေးရှိ ရေနက်ကွင်းဧက ၂၀၀၀၀ကျော် အကျိုးသက်ရောက်စေမည့် ကတွန်(ရင်းငြိမ်)ရေထိန်းတံခါးတည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အောင်ရေပေးရန်ရည်ရွယ်

ကတွန်(ရင်းငြိမ်) ရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းဆောင်ရွက်နိုင်လျှင် မိုးရာသီမြစ်ရေဝင်ရောက်မှုကြောင့် ရေကြီးရေမြုပ်ခြင်းကို ကာကွယ်နိုင်မည်ဖြစ်ပြီး မိုးနှောင်းရာသီတွင် ရေချိုထိန်းသိမ်းခြင်းနှင့် နွေရာသီ ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်မည့်အပြင် မိုးရေများကို မိုးရာသီတွင် ဆောလျင်စွာ ထုတ်နုတ်နိုင်ရန်နှင့် နွေစပါးအောင်ရေပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ကျပ်သန်းထောင်ချီမြှုပ်နှံ

ဖော်ပြပါ ရေထိန်းတံခါးများကို နိုင်ငံတော်က ကျပ်သန်းထောင်နှင့်ချီ၍ ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်ပေးခဲ့ပြီးသည့်အလျောက် မွန်ပြည်နယ် ပေါင်မြို့နယ်တွင် တည်ဆောက်ပြီးစီးသွားပြီဖြစ်သော ကျုံထော်ရေထိန်းတံခါး၏ အကျိုးကျေးဇူးကြောင့် ကျုံထော်ချောင်းဘေးရှိ စိုက်ပျိုးမြေများ၊ အချိန်မီစိုက်ပျိုးနိုင်ရေး၊ သီးညှပ်စိုက်ပျိုးရေး၊ သီးနှံအထွက်တိုးစေရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် စိုက်ပျိုးမြေဧက တိုးတက်လာမည်ဖြစ်၍ နိုင်ငံတော်အတွက်ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပပို့ကုန်သီးနှံများတိုးတက်များပြားလာမည်ဖြစ်ပါကြောင်း လေ့လာရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးက ဆုချီးမြှင့်ရခြင်းနှင့် ဆုရွေးချယ်ပုံကို ရှင်းလင်းတင်ပြသည်။ဆက်လက်၍ အလှူငွေပေးအပ်ပွဲကျင်းပရာ ကမ္ဘောဇဘဏ်လီမိတက်မှဆုချီးမြှင့်ရန်နှင့်အခမ်းအနားကျင်းပရန်အတွက် ငွေကျပ်သိန်း ၃၀ နှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်အတွက် ငွေကျပ် ၁၀ သိန်း စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၄၀ ကို အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းနိုင်က လည်းကောင်း၊ ဂန္ဓမာကုမ္ပဏီမှမြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်အတွက် လှူဒါန်းငွေကျပ် တစ်သိန်းကို မြန်မာနိုင်ငံ ဂေါ့ဖ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူက လည်းကောင်း၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်မှ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်အတွက် လှူဒါန်းငွေ ကျပ်တစ်သိန်းကို အဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသီဂိ သီရိသုဓမ္မသီဂိ လူမှုထူးချွန်တံဆိပ်(ပထမဆင့်) ဒေါ်မိမိခင်က လည်းကောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ၂၀၀၃ ခုနှစ် အတွက် အကောင်းဆုံး အမျိုးသား အားကစားသမားဆုရရှိသည့် အောင်လင်းနှင့် ၂၀၀၃ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီး အားကစားသမားဆုရရှိသည့် ခိုင်ခိုင်မော်တို့အား ဆုတံဆိပ်နှင့် ငွေကျပ် ၁၀ သိန်းစီ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကနူးလှေတစ်ယောက်လှော် ပြိုင်ပွဲ၌ ဗီယက်နမ် အားကစားသမား တားမြစ်ဆေးသုံးစွဲကြောင်းပေါ်ပေါက်သဖြင့် ရွှေတံဆိပ်နှစ်ခု ထပ်မံရရှိခဲ့သော အောင်လင်းအား မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီမှ ချီးမြှင့်ငွေကျပ်သိန်း၂၀နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ ချီးမြှင့်သည့် အမေရိကန်ဒေါ်လာ၂၀၀ကို မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ပေးအပ်ချီးမြှင့်သည်။

အစီအစဉ်ရှိ

မြန်မာနိုင်ငံအားကစား ကလောင်ရှင်များအဖွဲ့ချုပ်အနေဖြင့်လည်း နောင်နှစ်များတွင် ယခုကဲ့သို့ အကောင်းဆုံး အားကစားဆုများ ချီးမြှင့်သွားရန် အစီအစဉ်ရှိကြောင်းဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးက ပြောကြားသည်။

ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် ၂၀၀၃ခုနှစ်အတွက် အကောင်းဆုံး အမျိုးသား အားကစားသမားဆုရရှိသော အောင်လင်းနှင့် အကောင်းဆုံးအမျိုးသမီး အားကစားသမားဆု ရရှိသော ခိုင်ခိုင်မော်တို့အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ခံစားချက်

ပထမဦးစွာ ၂၀၀၃ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားအားကစား

၂၀၀၃ခုနှစ် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီး အားကစားသမားဆုချီးမြှင့်ပွဲ အခမ်းအနားအတွက်သုံးစွဲရန် ငွေကျပ် သိန်း ၃၀ နှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် ရန်ပုံငွေအတွက် ငွေကျပ် ၁၀ သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် သိန်း ၄၀ ကို ကမ္ဘောဇဘဏ်လီမိတက်မိသားစုကိုယ်စား အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းနိုင်ကပေးအပ်ရာ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးက လက်ခံရယူစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သမားဆုရှင်အောင်လင်းအား ဆုရရှိခဲ့ခြင်းနှင့်ပတ်သက်၍ ခံစားချက်သဘောထားအမြင်ကိုမေးမြန်းရာ “မိမိအနေဖြင့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မူလက ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်လေးခုသာ ရရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဗီယက်နမ်အားကစားသမားတားမြစ်ဆေးသုံးစွဲမှုပေါ်ပေါက်သဖြင့် ကနူးလှေ တစ်ယောက်လှော်ပြိုင်ပွဲ၌ ရွှေတံဆိပ်နှစ်ခု ထပ်မံရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခုနှင့် ငွေတံဆိပ်နှစ်ခု ရရှိခဲ့ကြောင်း၊ ရွှေတံဆိပ်နှစ်ခုထပ်မံရရှိခဲ့ပြီးနောက် အကောင်းဆုံး အားကစားသမားဆုရရှိမည်ဟု မျှော်လင့်ချက် ထားခဲ့ကြောင်း၊ မျှော်လင့်သည့်အတိုင်း ယခုကဲ့သို့ဆုရရှိသည့်အတွက် အတိုင်းထက်အလွန် ဝမ်းသာပီတိဖြစ်မိကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

အကောင်းဆုံးအမျိုးသားအားကစားသမားဆုရှင် အောင်လင်းကို အဖ ဦးအောင်မြိုင်၊ အမိ ဒေါ်ဝိုင်းတို့က ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ရိုးဝကျေးရွာ၌ မွေးဖွားခဲ့သည်။ အသက် (၃၃)နှစ်ဖြစ်ပြီး မိခင်ဌာနမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနဖြစ်သည်။ အရပ်အမြင့် ၅ပေ ၈လက်မ၊ ကိုယ်အလေးချိန်ပေါင်၁၆၀ဖြစ်ပြီး အိမ်ထောင်သည် တစ်ဦးဖြစ်သည်။ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲငါးမျိုး၌ ပါဝင်ယှဉ်ပြိုင်ရာ ငါးမျိုးစလုံး၌ ဆုတံဆိပ်ရရှိခဲ့သည်။

ဆုတံဆိပ်ငါးခုမှာ ကနူးလှေ တစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲမှ ရွှေတံဆိပ်၊ ကနူးလှေ တစ်ယောက်လှော် မီတာ ၁၀၀ ပြိုင်ပွဲမှ ရွှေတံဆိပ်၊ ရိုးရာလှေ ၂၂ ယောက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲမှ ရွှေတံဆိပ်၊ ကနူးလှေ နှစ်ယောက်လှော် မီတာ ၁၀၀၀ ပြိုင်ပွဲမှ ငွေတံဆိပ်နှင့် ရိုးရာလှေ ၂၂ ယောက်လှော် မီတာ၅၀၀ပြိုင်ပွဲမှ ငွေတံဆိပ်တို့ဖြစ်ကြသည်။ ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ၁၉၉၃ ခုနှစ် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ငွေတံဆိပ်သုံးခု ရရှိခဲ့သည်။ ၁၉၉၅ခုနှစ် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင်ငွေတံဆိပ်သုံးခု၊ ၁၉၉၉ ခုနှစ်အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် ငွေတံဆိပ်လေးခု ရရှိခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင် အားကစားသမားအဖြစ် ဆက်လက်ရွေးချယ်ထားရာ စခန်းဝင်လေ့ကျင့်လျက်ရှိသည်။ အောင်လင်းသည် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးခဲ့ပြီး ၂၀၀၃ခုနှစ်အတွက်အကောင်းဆုံး အမျိုးသား အားကစားသမားဆုကို ရရှိခဲ့ခြင်း ဖြစ်သည်။ အောင်လင်းက “လှေလှော်အားကစားနည်းကိုဝါသနာပါကြောင်း၊ ကစားနိုင်သရွေ့ ဆက်ကစားသွားရန်စိတ်ကူးထားကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

ထူးထူးခြားခြားဝမ်းသာ

ဆက်လက်၍ ၂၀၀၃ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီး အားကစားသမားဆုရှင် ခိုင်ခိုင်မော်အား ဆုရရှိခဲ့ခြင်းနှင့်ပတ်သက်၍ ခံစားချက်သဘောထားအမြင်ကို မေးမြန်းရာ“ဆုရရှိသည့်အတွက် အလွန်ပဲ အံ့ဩဝမ်းသာမိကြောင်း၊ ယခင်နှစ်က ယခုကဲ့သို့ ဆုချီးမြှင့်ခြင်းမရှိခဲ့၍ ထူးထူးခြားခြား ဝမ်းသာမိကြောင်း၊ မိမိအနေဖြင့်လည်း ပြီးခဲ့သည့်နှစ် အတွင်း၌ ကြိုးစားမှုအများကြီးရှိခဲ့ပြီး ရွှေတံဆိပ်များလည်း ရရှိထားကြောင်း၊ ဒီဆုကို မည်သူပင် ရသည်ဖြစ်စေ ဆုံးဖြတ်ပေးကြသူများအပေါ် ကျေနပ်မိမှာပဲ ဖြစ်ကြောင်း၊ မိမိအနေဖြင့် ကြိုးစားသလောက် အရာထင်ခဲ့သည်ဟု ထင်ပါကြောင်း၊ နောင်နှစ်များ၌လည်း အခုလို အကောင်းဆုံး အမျိုးသမီး အားကစားဆုရရှိဖို့အတွက် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုရှင်ခိုင်ခိုင်မော်ကို အဖ ဦးမင်းယုနိုင်၊ အမိဒေါ်မြင့်မြင့်ဝင်းတို့က ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်၌ မွေးဖွားခဲ့သည်။ အသက် (၂၅)နှစ်ဖြစ်ပြီး မိခင်ဌာနမှာမြို့တော်စည်ပင်ဖြစ်သည်။ အရပ်အမြင့်၅ပေ၃လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ဖြစ်သည်။ စီးပွား(စီမံ) အဓိက ဘာသာရပ်ဖြင့် နောက်ဆုံးနှစ်စာမေးပွဲဖြေဆိုထားသည်။

ခိုင်ခိုင်မော်သည် ၂၀၀၃ ခုနှစ် အတွင်း၌ နိုင်ငံတကာပြိုင်ပွဲများမှ ရွှေတံဆိပ်သုံးခုနှင့် ငွေတံဆိပ် တစ်ခု ရရှိခဲ့သည်။ ၂၀၀၃ခုနှစ် မကာအို၌ ကျင်းပသည့် (၇)ကြိမ်မြောက် ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခု၊ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်နှစ်ခု ရရှိခဲ့သည်။ ခိုင်ခိုင်မော်ဆုတံဆိပ်ရရှိခဲ့သည့် ပြိုင်ပွဲများသည် ပြိုင်ပွဲအဆင့်အတန်းမြင့်မားပြီး တစ်ဦးချင်းပြိုင်ပွဲအမျိုးအစားများ၌ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ခိုင်ခိုင်မော်က “ရရှိခဲ့သည့်ဆုတံဆိပ်အားလုံးကို မြတ်မြတ်နိုးနိုးရှိကြောင်း၊ (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ရန်အတွက် မေ ၁၃ ရက်တွင် တရုတ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးနိုင်ရန် ဆက်

၂၀၀၃ ခုနှစ် အကောင်းဆုံး အမျိုးသား အားကစားသမားဆုရှင် အောင်လင်းက ဆုရရှိမှုနှင့် ပတ်သက်၍ ခံစားမှုကို မြန်မာ့အလင်းသို့ ရှင်းပြစဉ်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

လက် ကြိုးစားသွားမည် ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

၂၀၀၃ခုနှစ်အတွက် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီးအားကစားသမားဆုများကို စနစ်တကျ အမှတ်ပေး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အခြေခံသည့် အချက်များမှာ အကျင့်စာရိတ္တကောင်းမွန်သူ၊ ၂၀၀၃ ခုနှစ်အတွင်း ပြည်တွင်းပြည်ပရှိ နိုင်ငံတကာပြိုင်ပွဲတစ်ခုခု၌ ထူးချွန်စွာဆုတံဆိပ်ရရှိခဲ့သူ၊ အနိမ့်ဆုံး အရှေ့တောင်အာရှ စံချိန်တူ (သို့မဟုတ်) စံချိန်သစ်တင်နိုင်သူ၊ အသင်းအဖွဲ့လိုက် ပြိုင်ပွဲဖြစ်လျှင် ပြည်တွင်းပြည်ပရှိနိုင်ငံတကာပြိုင်ပွဲတစ်ခုခု၌ ထူးချွန်စွာယှဉ်ပြိုင်အနိုင်ရခဲ့ပြီး ယင်းအသင်းအဖွဲ့တွင် ထူးချွန်စွာ ပါဝင်ယှဉ်ပြိုင်နိုင်သူ (သို့မဟုတ်) ယင်းအသင်းအဖွဲ့ကို အဓိကဦးဆောင်ပံ့ပိုးနိုင်သူဖြစ်ရမည်ဟု သိရသည်။

သူတို့စာရင်းဝင်

ပဏာမ ရွေးချယ်စဉ်းစားခြင်းခံရသည့် အားကစားသမားများမှာ အမျိုးသား အားကစားသမားဆု အတွက် စိုးမြတ်မင်း(ဘောလုံး)၊ဖုန်းမြင့်တေဇာ(လှေလှော်)၊မောင်ကြူး(သေနတ်ပစ်)၊ မင်းဇော်ဦး(ကာယဗလ)၊ သူရစိုး(ဝူရှူး)၊ အောင်လင်း(လှေလှော်)နှင့် အောင်သူရ(ပြေးခုန်ပစ်)တို့ ဖြစ်ကြသည်။ အမျိုးသမီးအားကစားသမားဆုအတွက် ကေသီဝင်း (အလေးမ)၊ ခင်မာဦး(လှေလှော်)၊ ခိုင်ခိုင်မော်(ဝူရှူး)၊စန်းစန်းမော်(ဘောလုံး)နှင့်ယဉ်ယဉ်ခိုင်(ပြေးခုန်ပစ်)တို့ ဖြစ်ကြသည်။

ယခုကဲ့သို့ အကောင်းဆုံး အားကစားသမားဆုများကို ၁၉၅၅ ခုနှစ်၌ မြန်မာ့ဘောလုံးသူရဲကောင်း ဗဟာဒူးက လည်းကောင်း၊ ၁၉၆၆ ခုနှစ်၌ ဗဟာဒူးကပင်ထပ်မံ၍ မြန်မာ့ အားကစား အကယ်ဒမီဆု (သို့မဟုတ်) မြန်မာပြည်၏ အကောင်းဆုံး အားကစားသမားဆုနှင့် မြန်မာ့အကောင်းဆုံး ဘောလုံးသမားဆုတို့ကို ဆွတ်ခူးရရှိခဲ့ရာ မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီက ဆုများချီးမြှင့်ခဲ့သည်။

ထို့အပြင် ၁၉၉၄ ခုနှစ်၌ အကောင်းဆုံး အမျိုးသား အားကစားသမားဆုကို မြန်မာ့ဘောလုံးအကျော်အမော် သန်းတိုးအောင်က လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီး အားကစားသမားဆုကို ဝင်းဝင်းမော် (အလေးမ) က လည်းကောင်း ရရှိခဲ့သည်။ ၁၉၉၅ ခုနှစ်၌ အကောင်းဆုံး အမျိုးသား အားကစားသမားဆုကို ဗိုလ်မှူးမြင့်စိုး(သေနတ်ပစ်)က လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီး အားကစားသမားဆုကို ခင်ခင်ထွေး (ပြေးခုန်ပစ်)က လည်းကောင်း ရရှိခဲ့သည်။ ၁၉၉၄ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆုများကို ABC Extra Stout က ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုးတက်မြင့်မားမှု

နိုင်ငံတကာ အားကစားပြိုင်ပွဲများ၌ အောင်နိုင်မှု ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ခြင်းသည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခြင်းဖြစ်သလို နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားမှုကို ဖော်ဆောင်နိုင်ခြင်း ဖြစ်သည့်အတွက် ၂၀၀၃ ခုနှစ် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီးအားကစားသမားဆုရှင်များဖြစ်သည့် အောင်လင်းနှင့် ခိုင်ခိုင်မော်တို့အား ဂုဏ်ပြုချီးကျူးမှတ်တမ်းတင်ရမည် ဖြစ်ပါကြောင်း ရေးသားဖော်ပြရပါသည်။ ။

(မြန်မာ့အလင်း)

တရုတ်နိုင်ငံ၌ ပူးတွဲလေ့ကျင့်မှုပြုလုပ်ရန် မြန်မာဝူရှူးအားကစားအဖွဲ့ထွက်ခွာ

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ၌ အောက်တိုဘာလအတွင်း ကျင်းပမည့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲနှင့် ၂၀၀၅ ခုနှစ်အတွင်းကျင်းပမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ၌ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် အဖွဲ့ဝင်ငါးဦးပါဝင်သော မြန်မာဝူရှူး အားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

မြန်မာဝူရှူးအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်အတွင်းရေးမှူး ဦးထွန်းမြင့်၊ အားကစားသမားများအဖြစ် ထောက်လုအားကစားနည်းအတွက် ခိုင်ခိုင်မော် (မြို့တော်စည်ပင်)၊ဆန်းဆို အားကစားနည်းအတွက် စောခိုင် (ကာကွယ်ရေး)၊ အေးအေးမော် (ပြည်ထဲရေး)နှင့် သဥ္ဇာစိုးတို့ လိုက်ပါသွားကြသည်။

(အောက်ပုံ)

ယခုထွက်ခွာသွားကြသော မြန်မာဝူရှူး အားကစားအဖွဲ့သည် စတုတ္ထသုတ်အဖြစ် ထွက်ခွာခြင်းဖြစ်ပြီး တရုတ်နိုင်ငံဖူကျန့်ပြည်နယ် ဖူကျိုးမြို့၌ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

သုံးထပ်ဆွမ်းစားကျောင်းအတွက်ငွေလှူ

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗဟန်း ၃ လမ်း သုဓမ္မာတိုက်ကျောင်း သဒ္ဓမ္မဇောတိဓဇ မဟာပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝါယမ၏ ဆောက်လုပ်ဆဲ အောင်မြေရတနာ သုံးထပ်ဆွမ်းစားကျောင်းအတွက် ပဋ္ဌမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို မေ ၁၀ ရက်က ယင်းကျောင်းတိုက်၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲ ကျင်းပရာတွင် ကျောက်မြောင်း ဩဘာလမ်းရှိ ဓမ္မရက္ခိတ ဓမ္မာရုံအသင်းကိုယ်စား ဥက္ကဋ္ဌ ဦးသိန်းဝင်း **(အပေါ်ပုံ)**က အလှူငွေကျပ် တစ်သိန်း၊ မိဘနှစ်ပါးအား ရည်စူး၍ ကျောက်မြောင်းနေ ဒေါက်တာ ဝါဝါအေး မိသားစုက ငွေကျပ်တစ်သိန်း၊ စမ်းချောင်းမြို့နယ်နေ ဦးမိုးမြင့်ကျော်- ဒေါက်တာသဲသဲအေး မိသားစုက ငွေကျပ်တစ်သိန်း၊ ကျောက်မြောင်းနေ ဦးရွှေသီး- ဒေါ်ညွန့်ကြည် မိသားစုက ငွေကျပ်နှစ်သိန်း၊ ကျောက်မြောင်းနေ မိခင်ကြီး ဒေါ်တင်တင်ဝင်း၊ သမီး ဒေါ်ခင်သိန်းဝင်း၊ ဒေါ်ကြည်ကြည်ဝင်း မိသားစုက ငွေကျပ်နှစ်သောင်း ပေးအပ်လှူဒါန်းရာ ကျောင်းဆောင် ဖြစ်မြောက်ရေး ကြီးကြပ်မှုအင်ဂျင်နီယာများက လက်ခံရယူကြသည်။ **(က-ပ)**

အဂ္ဂမဟာပဏ္ဍိတဘွဲ့ရပူဇာမင်္ဂလာ၊ ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့ရပူဇာမင်္ဂလာ ဒဂုံမြို့ဦး ဘုန်းတော်ကြီးပညာသင် နှစ်ထပ်ကျောင်းဆောင် အလှူငွေပေးအပ်ပွဲ ကျောင်းဆောင်သစ်အပ်ပွဲမင်္ဂလာနှင့် ကျောက်ချောကတ္တရာလမ်းဖွင့်ပွဲမင်္ဂလာကျင်းပမည်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး ၁ လမ်းရှိ သီရိမင်္ဂလာ မဟာစည်ရိပ်သာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်အပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇမ္ဗူမော်စာချဆရာတော် ဘဒ္ဒန္တဝိစိတ္တာဝံသအား ပူဇော်ခြင်းမင်္ဂလာ၊ ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ရ တွံတေးအရှင်ဣန္ဒကအား ပူဇော်ခြင်းမင်္ဂလာ၊ ဒဂုံမြို့ဦးဘုန်းတော်ကြီး ပညာသင် နှစ်ထပ်ကျောင်းဆောင်ဆောက်လုပ်ခြင်းအတွက် အလှူငွေပေးအပ်ပွဲ၊ ကျောင်းဆောင်သစ်အပ်ပွဲမင်္ဂလာနှင့် မြဝတီမင်းကြီး ၁ လမ်းနှင့် ဘုရင့်နောင်လမ်းသွယ် ၁ ကျောက်ချောကတ္တရာလမ်းဖွင့်ပွဲ မင်္ဂလာများကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ရက် (မေ ၁၅ ရက်)မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ တပည့်ရဟန်းများ၊ ဒါယကာ ဒါယိကာမများ ကြွရောက်ပူဇော် အားပေးချီးမြှောက်နိုင်ကြောင်း ဖိတ်ကြားအပ်ပါသည်။

သီရိမင်္ဂလာမဟာစည်ရိပ်သာစောင့်ရှောက်ရေးအဖွဲ့
ဖုန်း-၅၈၀၄၅၄

တန်ချိန် ၁၂၀၀၀ရေလုံသင်္ဘောကျင်းတည်ဆောက်ပြီးစီးမှု ပို့ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာ့သင်္ဘောကျင်းအတွင်း တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ မြန်မာ့သင်္ဘောကျင်း အထွေထွေမန်နေဂျာ ဦးကြည်စိုးက ရေလုံကျင်း ကြမ်းခင်းနှင့် ဘေးနံရံများပြီးစီးမှုအခြေအနေ၊ ကရိန်းလမ်း ပြီးစီးမှုအခြေအနေ၊ Transformer Station တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် အချောသပ်လုပ်ကိုင်နေသည့် လုပ်ငန်းများအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် လုပ်ငန်းများ ပြီးစီးမှုနှင့်ဆက်လက်လုပ်ဆောင်နေသည့် လုပ်ငန်းများကို လည်းကောင်း၊ ရေလုံကျင်း၊ ရေစုပ်ခန်းများ တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်း၌ ပြည်ပမှ လုပ်ငန်းအပ်နှံချက်ဖြင့် တည်ဆောက် လျက်ရှိသော Diver Boat တည်ဆောက်နေမှုနှင့်ရေယာဉ်ဟောင်းများ ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကမ်းနားလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းသို့ ရောက်ရှိပြီး အလုံသင်္ဘောကျင်း လွှန်းလမ်းများအကြီးစားပြင်ဆင်ခြင်းလုပ်ငန်းနှင့် တန်ချိန် ၁၂၀၀ အထွေထွေသုံး ကုန်တွဲအသစ်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂အီး^၁)မြေကွက်အမှတ်(၄၂၁ဒီ/၃-အေ) ဦးအောင်လွင်၊ ဦးတင်လှ အမည်ရှိ မြေကွက်အား ဦးအောင်လွင်-ဒေါ်နှင်းက အမည်ပြောင်းခွင့် လျှောက်ထားခြင်းနှင့် မင်္ဂလာဒုံမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၅၂၆ မြေကွက်အမှတ်၂၈ ပါမစ်မြေအား ဦးဝင်းခိုင် ၁၂/တမန(နိုင်) ၀၂၂၁၉၀က မြေငှားဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန။

မြန်မာ့ရုပ်မြင်သံကြား

၁၃-၅-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၂၅ ၈။ ကျောက်တစ်လုံးရေကူ ရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၁၇:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၃၀ ၇။ မြန်မာစာ မြန်မာစကား
၁၇:၄၅ ၈။ တေးဂီတအစီအစဉ်
၁၈:၀၀ ၉။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၁၅ ၁၀။ သက်တံရောင်သံစဉ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၂၁)
၁၉:၂၅ ၁၄။ နည်းပညာများဖြန့်ဝေပေး ခေတ်မီပျားမွေးမြူရေး
၁၉:၃၅ ၁၅။ တေးဂီတအစီအစဉ်
၁၉:၄၅ ၁၆။ ကချင်ရိုးရာ ဝတ်စားဆင်ယင်မှု
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"လေးလေးချစ်ရဲ့ ချစ်ချစ်လေး"** (အပိုင်း-၁) (လွင်မိုး၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ခင်စောမျိုး)

မြန်မာနိုင်ငံဓာတ်ပုံအသင်းဓာတ်ပုံသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှုဆောင်အဖွဲ့ကကြီးမှူး၍ ဓာတ်ပုံပညာပြန့်ပွားရေးအတွက် ထူးချွန်ဓာတ်ပုံပညာရှင်များ ပေါ်ထွန်းလာစေရန်နှင့် ဓာတ်ပုံပညာဖြင့် မြန်မာကို ကမ္ဘာသိစေရန်ရည်ရွယ်၍ အခြေခံ ဓာတ်ပုံသင်တန်း အမှတ်စဉ်(၃၃)ကို ဇွန် ၁၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

ဝါရင့်ဓာတ်ပုံပညာရှင်များဖြစ်ကြသော ရန်ကုန်ဝင်းဖေ၊ ဦးမောင်မောင်သောင်း၊ ညောင်ဦးဖိုးချို၊ ဦးမြင့်သိန်းဖေ၊ ဦးဖေမြင့်ဦး၊ ဦးဝင်းမောင်၊ ဦးထင်လင်း၊ ဦးမိုးမင်းနှင့် ဦးသွင်အေးတို့က သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးလမျှကြာမြင့်မည်ဖြစ်ပြီး မေ ၁၇ရက်မှ စတင်၍ အမှတ် ၂၇/၂၉ (၃၅)လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၇၃၁၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အမည်ပြောင်းခြင်း

အမှတ်၄၁၊၂လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်နေ ဦးမင်းနိုင်-ဒေါ်မြင့်မြင့်ဆင့်တို့၏ သမီး ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း စတုတ္ထတန်း(ဂ)မှ မဝင့်လဲ့လဲ့မြင့်အား ယနေ့မှစ၍ မဝင့်လဲ့လဲ့နိုင်မြင့်ဟု ပြောင်းလဲခေါ်ပါရန်။ **မဝင့်လဲ့လဲ့နိုင်မြင့်။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့ ထားဝယ်စုရပ် ဆရာပြောင်းလမ်း အိမ်အမှတ် ၆၅ နေ ဦးစိုးညွန့် ၆/မအရ(နိုင်)၀၂၈၀၂၂-(ဒေါ်တင်လှ)တို့၏သမီး မနီနီဝင်း ၆/မအရ(နိုင်)၀၂၇၆၀၀သည် မိဘ၏ ဆိုဆုံးမမှုများကို အကြိမ်ကြိမ်လိုက်နာမှုမရှိဘဲ ၎င်း၏ သဘောဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ **ဖခင်-ဦးစိုးညွန့်။**

၂၉၂(ဘီ)၂/၅ ရွှေတိဂုံဘုရားလမ်း ဒဂုံမြို့နယ်နေ ဟသ်ာတဦးကျော်ငြိမ်း-ဒေါ်ကြင်သိန်း၊ ဦးမောင်မောင်ဆွေ-ဒေါ်တင်တင်ငြိမ်း၊ သမီး မဥမ္မာမိုးဆွေ၊ ကိုသန်းနိုင်-မစန္ဒာမိုးဆွေ၊ မြေး မထက်နေခြည်လင်းတို့က နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် တည်ဆောက်မည့် ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများက လက်ခံယူစဉ်။ (က-ပ)

Y.E.S.မှ အင်္ဂလိပ်စကားပြော သင်တန်းများ

Basic Spoken English MAY -10, 17,24
Pre-Intermediate English MAY - 4, 17
Intermediate English & IELTS MAY-17,22
TOEFL & Basic Writing Course MAY-10,17
VEC,GFC,AWC,SAT (II)/AE,SAT(I) MAY-4
B.S.E Conversation Club
No.116, YMCA Building, Bogalayzay Street, Botataung TSP.
- 245821



ထူးခြားသည့် နေ့အပူချိန်များ

၁၂-၅-၂၀၀၄

ညောင်ဦးမြို့ ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
ချောက်မြို့ ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
မင်းဘူးမြို့ ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
မကွေးမြို့ ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်မြို့ ၃၃ ဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်)

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုနာ၊ အဟုအကျိတ် (အကြောအဖိုး)၊ လေးဘက်နာ၊ လေဖြတ် (အထူးကု)

[illegible]

အမြန်ဆုံး ကုသပေးသည်။

[illegible] ရန်ကုန်မြို့။

ဆောင်းဦးလှိုက်ကြွေ ချစ်သက်ဝေ တေးစီးရီး အဆိုပြိုင်ပွဲ အစီအစဉ်

အမျိုးသား	လျှောက်လွှာအမှတ်	[illegible]	မှ	[illegible]	ထိ	၂၇-၅-၀၄	(ကြာသပတေးနေ့)
အမျိုးသား	လျှောက်လွှာအမှတ်	[illegible]	မှ	[illegible]	ထိ	၂၈-၅-၀၄	(သောကြာနေ့)
အမျိုးသား	လျှောက်လွှာအမှတ်	[illegible]	မှ	[illegible]	ထိ	၂၉-၅-၀၄	(စနေနေ့)
အမျိုးသမီး	လျှောက်လွှာအမှတ်	[illegible]	မှ	[illegible]	ထိ	၂၉-၅-၀၄	(စနေနေ့)
အမျိုးသမီး	လျှောက်လွှာအမှတ်	[illegible]	မှ	[illegible]	ထိ	၃၀-၅-၀၄	(တနင်္ဂနွေနေ့)
အမျိုးသမီး	လျှောက်လွှာအမှတ်	[illegible]	မှ	[illegible]	ထိ	၃၁-၅-၀၄	(တနင်္လာနေ့)
အမျိုးသမီး	လျှောက်လွှာအမှတ်	[illegible]	မှ	[illegible]	ထိ	၁-၆-၀၄	(အင်္ဂါနေ့)

အချိန် နေ့စဉ် နံနက် (၁၀း၀၀)နာရီတွင် အရောက်လာရမည်။
နေရာ SPANKY STUDIO အမှတ် ([illegible]) [illegible] ရန်ကုန်မြို့။
အသေးစိတ်အချက်အလက်များကို သိရှိလိုပါက KISS Music - Video သို့ စုံစမ်းနိုင်ပါသည်။
ဖုန်း - [illegible]

ပိုင်ကျုံမြို့ ဖွံ့ဖြိုးရေး နိုင်ငံတော်ကငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံအဆင့်တိုးမြှင့်ပေး

ဒေသခံပြည်သူများကလည်း အဘက်ဘက်က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ရန်ကုန် မေ ၁၂

ကရင်ပြည်နယ် ဘားအံမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဘားအံမြို့မှ မေ ၆ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၈နာရီတွင် လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့ရဲစခန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပိုင်ကျုံမြို့ရဲစခန်းအဆောက်အအုံ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းက ပိုင်ကျုံမြို့၏တည်နေရာ၊ နယ်နိမိတ်၊ ပိုင်ကျုံမြို့ရှိ ဌာနဆိုင်ရာများ ဖွင့်လှစ်ဆောင်ရွက်မှုနှင့် ဝန်ထမ်းအင်အား၊ စုပေါင်းရုံးဆောက်လုပ်မှုနှင့် နယ်မြေဒေသအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကရင်ပြည်နယ် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးက စည်ပင်သာယာနယ်နိမိတ် သတ်မှတ်ဆောင်ရွက်မှု၊ အိမ်ရာတည်ဆောက်မှု၊ လမ်းပြုပြင်ပြီးစီးမှု၊ ပိုင်ကျုံမြို့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မှု၊ လှိုင်းဘွဲမြို့နယ်ရှိ ကျေးရွာများတွင် အဝီစိတွင်းများ တူးဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်ဦးက ဒါးကျိုင်းချောင်း ရေအားလျှပ်စစ်ရရှိရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရေပေးဝေနိုင်မည်

အဆိုပါ ဒါးကျိုင်းချောင်း ရေအားလျှပ်စစ် စီမံကိန်းပြီးစီးပါက တပ်ဆင်လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ် ရရှိနိုင်မည်ဖြစ်၍ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၈၇ ဒသမ ၆ ထုတ်ယူရရှိနိုင်ပြီး ပိုင်ကျုံမြို့ ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေဧက ၅၀၀၀ ခန့်ကို ရေပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အမှာစကားပြောကြား

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် ပိုင်ကျုံမှာ လှိုင်းဘွဲမြို့နှင့် ၁၄ မိုင်ခန့်ဝေးကွာပြီး ဒေသခံကျေးရွာများရှိ ပြည်သူများအနေဖြင့် အုပ်ချုပ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ တရားစီရင်ရေးကိစ္စများတွင် လွယ်ကူလျင်မြန်စေရေးအတွက် ပိုင်ကျုံအား မြို့အဆင့် တိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ပိုင်ကျုံမြို့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံပြီး အဆင့်တိုးမြှင့်ပေးသကဲ့သို့ ဒါးကျိုင်းချောင်း ရေအားလျှပ်စစ် စီမံကိန်းကိုလည်းဆောင်ရွက်လျက်ရှိကြောင်း၊ထို့ကြောင့် ပိုင်ကျုံအထက်ရွာနှင့် ပိုင်ကျုံအောက်ရွာမှာ မကြာမီမြို့ကြီးတစ်မြို့ဖြစ်လာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့မှာ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ပိုင်ကျုံတွင်နေထိုင်ကြသူများကလည်း ပိုင်ကျုံဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ ကရင်ပြည်နယ်သည် ယခင်ကထက် ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပိုင်ကျုံမြို့သည် လှိုင်းဘွဲမြို့နယ်၊ မြဝတီမြို့နယ်နှင့်ကော့ကရိတ်မြို့နယ်ကြားတွင်တည်ရှိပြီး အကျယ်အဝန်းမှာ ၇၆၅ ဒသမ ၂၁ စတုရန်းမိုင် ကျယ်ဝန်းသည်။

မြို့နယ်တစ်ခုလုံး၌ အိမ်ခြေ ၁၆၀၂၈လုံးရှိပြီး၊ လူဦးရေ ၉၃၇၉၈ ဦး မှီတင်းနေထိုင်လျက်ရှိကြောင်း သိရှိရသည်။

လှည့်လည်စစ်ဆေးကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပိုင်ကျုံမြို့ ဖွံ့ဖြိုးစည်ပင်မှုနှင့် ပိုင်ကျုံအထက်ရွာသို့သွားရောက်၍ ပိုင်ကျုံချောင်းကူးတံတားတည်ဆောက်မည့်နေရာများသို့ လှည့်လည်စစ်ဆေးကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပိုင်ကျုံချောင်းကိုဖြတ်သန်း၍ ပိုင်ကျုံအောက်ရွာတွင် ဆောက်လုပ်နေသည့် ပိုင်ကျုံ(စုပေါင်းရုံး)တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ပိုင်ကျုံအောက်ရွာရှိ ပိုင်ကျုံချောင်းကူးတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြပြီး ပိုင်ကျုံချောင်းကူတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးအုန်းဟန်က ရှင်းလင်းပြသသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်တွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးအုန်းဟန်က ပိုင်ကျုံချောင်းကူးတံတား တည်ဆောက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါပိုင်ကျုံချောင်းကူးတံတားသည် ပိုင်ကျုံချောင်းကိုဖြတ်၍ ပိုင်ကျုံအထက်ရွာနှင့် ပိုင်ကျုံအောက်ရွာကို ဆက်သွယ်တည်ဆောက်မည်ဖြစ်ပြီး တံတားအရှည် ပေ ၁၂၀၀နှင့် အကျယ် ၁၂ ပေရှိမည် ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ဘားအံအစိုးရနည်းပညာကောလိပ်ရှိ နည်းပညာကောလိပ်(ဘားအံ)တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား စီမံကိန်းရှင်းလင်းဆောင်၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ဘားအံအစိုးရနည်းပညာကောလိပ်တွင်ပို့ချလျက်ရှိသောသင်တန်းများ၊လေ့ကျင့်သင်ကြားပေးလျက်ရှိသော ကျောင်းသားအင်အား၊ ဆရာ ဆရာမအင်အားတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ယုဇနဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်တာဝန်ခံအင်ဂျင်နီယာ ဦးရဲမြင့်က နည်းပညာကောလိပ်(ဘားအံ)တည်ဆောက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆောက်လုပ်မှုလုပ်ငန်းကို အရှိန်တိုးမြှင့်ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရေး စသည်ဖြင့် ရှင်းလင်းမှာကြားသည်။



မေ ၈ရက်က ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် အာရာမိဿရ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒာဘိဝံသ ဆရာတော်ကြီးအား သုံးထပ်ကျောင်းဆောင် အမိုးမျက်နှာကြက်အလှူရှင် တိုက်နံပါတ် D၊ အခန်း(104) Delta Plaza အလယ်ရွှေဂုံတိုင် ဗဟန်းနေ ဦးဝဏ္ဏမောင်-ဒေါ်ခင်ပပ၊ သား မောင်စံမင်းမောင်၊ မောင်သက်ထူးမောင် မိသားစုတို့က အလှူငွေကျပ် ၃၆၀၀၀၀ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဟိုပုန်းမြို့ မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် မေ ၁၂

ရှမ်းပြည်နယ် ဟိုပုန်းမြို့ ကန်သာယာရပ် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၌ ၁၃၆၆ခုနှစ် နယုန်လဆန်း ၁ရက်မှ ၇ရက်အထိ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် ရွှေဘုန်းမြင့်ကျောင်းမှ ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်သြဘာသ (သာသနတက္ကသီလဓမ္မာစရိယ B.A) အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားများကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ စာရင်းပေးသွင်း ဝင်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

မေ ၃ရက်က အမှတ် ၁၀/၁၁ သစ္စာလမ်း ရန်ကင်းမြို့နယ်နေ မြသီတာသင်္ကန်းတိုက်ပိုင်ရှင် ဦးခင်မောင်ဝင်း-ဒေါ်သီတာထွန်း မိသားစုတို့က မြသီတာသင်္ကန်းတိုက်ဖွင့်ပွဲအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အပိုင်း ၁၆/၂ သုဒဿနလမ်း သဃ်န်းကျွန်း ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်အတွင်းရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့လှူဒါန်းရာ နာရေးကူညီမှုအသင်းမှ ဒုတိယ ဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)နှင့် ဇနီး ဒေါ်ရွှေဇီးကွက် (ဘဏ္ဍာရေးမှူး) တို့က လက်ခံယူစဉ်။ (က-ပ)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် မေ ၁၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အလုံမြို့နယ် ဂဠုန်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ဧပြီ ၂၇ရက်က ရွှေဂဠုန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုးက စာကြည့်တိုက်အကြောင်း သိကောင်းစရာများကို ဟောပြောပြီးနောက် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် စာကြည့်တိုက် (၈)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် နံရံကပ်စာစောင် ဖွင့်ပွဲကို မေ ၈ရက်က ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာနမှထုတ်ဝေသော ပညာပေးစာအုပ်၊ စာစောင်များကို အခမ်းအနား တက်ရောက်ကြသူများ ကြည့်ရှုလေ့လာစဉ်။

(၆၁)

မေ ၂ရက်က အမှတ် ၁၀၊ သီရိဂုဏ်ရည်ခြံ ဆရာစံမြောက် အနောက်ရပ်ကွက် ဗဟန်းမြို့နယ်နေ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ရွှေ - ဒေါ်ကြည်ကြည် (ဆင်မင်းဆပ်ပြာစက်) မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်တို့အတွက် အလှူတော်ငွေကျပ် ၄၀၆၈၀၀ ပေးအပ်လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမြင့်ဟန်က လက်ခံယူစဉ်။ (က-ပ)

မဲခေါင်ဒေသငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးကျန်းမာရေးပညာပေး

တာချီလိတ် မေ ၇

တာချီလိတ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း မေ ၅ရက်က မဲခေါင်ဒေသ ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးအတွက် ကျန်းမာရေးပညာပေးစီမံချက် အသိပေးရှင်းလင်းပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာချစ်သိန်းက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ နိုင်ငံခြား ဆက်သွယ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မောင်မောင်လင်းက ရှင်းလင်းပြောကြားသည်။

ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေး စီမံချက်နှင့် ပတ်သက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ် ငှက်ဖျား ဆရာဝန်ကြီး ဒေါက်တာ စိုင်းနော်ဝင်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဧည့်သည်တော်များက ဖြည့်စွက် အကြံပြုဆွေးနွေးပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်လင်းက အကြံပြုချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါ မြို့နယ် ကျင်သီကျေးရွာအုပ်စု ရေပူစမ်းကျေး ရွာ တွင် အချိန်ပြည့် စမ်းသပ် ထုတ် လုပ်သော အထူးအထွက် တိုးစပ်မျိုးစပါး ထုတ်လုပ်မှု လုပ်ငန်းကို ဧပြီ ၂၆ ရက်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။

(၁၀၆)

မေ၅ရက်က တနင်္သာရီတိုင်း စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဦး ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ဘုမွှော်တံတားတည်ဆောက်ရေးနှင့် ဘုမွှော်ချောင်းရေစီး ရေလာ ကောင်းမွန်ရေး အတွက် မြေတူးစက်ဖြင့်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးမှာကြားစဉ်။

(မြို့နယ်စည်ပင်)

အောင်ဇမ္ဗူဓမ္မရိပ်သာ၌ ဝိဇာတမွေးနေ့မင်္ဂလာကျင်းပ

မော်လမြိုင် မေ ၇

မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက်ရှိ အောင်ဇမ္ဗူဓမ္မရိပ်သာ ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ပဏ္ဍဝံသ(၄၁)နှစ်မြောက် ဝိဇာတ မွေးနေ့မင်္ဂလာအခမ်းအနားကို မေ ၃ ရက်က ယင်းကျောင်းတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ နာယကဆရာတော်ကြီးများက ဝိဇာတမွေးနေ့မင်္ဂလာတရားတော်များကို ချီးမြှင့်တော်မူပြီးနောက် ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်များကို အောင်ဇမ္ဗူကျောင်းတိုက် ဓမ္မရိပ်သာ ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ပဏ္ဍဝံသနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(၁၆၈)

အမြို့မြို့ အနယ်နယ် သတင်းများ

တောင်ဇောင်ချမ်းကုန်း ကျေးလက်စက်ရေတွင်းဖွင့်

ဝမ်းတွင်း မေ ၅

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ရွာတန်းကျေးရွာအုပ်စု တောင်ဇောင်ချမ်းကုန်း ကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက်က ကျင်းပသည်။

အဆိုပါ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားသို့ ဝမ်းတွင်းမြို့နယ် ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေဖြင့် စက်ရေတွင်းသုံးတွင်း၊ လက်နှိပ်တုံကင်တွင်း ၃၃ တွင်းနှင့် အလှူရှင်စက်ရေတွင်း နှစ်တွင်းတို့ကို ကျေးရွာ ၃၈ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)

ချောက်မြို့နယ် ကျေးလက်အိမ်ရာ စီမံကိန်းဆောင်ရွက်ပြီးစီးမှု စည်ပင်သာယာညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ချောက် မေ ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်နှင့် တာဝန်ရှိသူများ မေ ၄ ရက်က မကွေးတိုင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးလက်အိမ်ရာစီမံကိန်း ဆောင်ရွက်ပြီးစီးမှုများကို သွားရောက် စစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ချောက်မြို့နယ် စမ်းစုကျေးရွာသို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကတာဝန်ယူဆောင်ရွက်သည့် ကျေးလက်အိမ်ရာစီမံကိန်းအရ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုများအားစစ်ဆေးပြီး**(အပေါ်ယာပုံ)** အိမ်ပိုင်ရှင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။ ချောက်မြို့နယ်တွင် ကျေးလက်အိမ်ရာစီမံကိန်းအရ ကိုးဆူကျေးရွာတွင် လေးလုံး၊ စမ်းစုကျေးရွာတွင် ခြောက်လုံး စုစုပေါင်း ၁၀ လုံးအား အိမ်တစ်လုံးလျှင် တန်ဖိုးကျပ် ခုနစ်သိန်းဖြင့် ဆောက်လုပ်ကြသည်။

ကျေးလက်အိမ်ရာစီမံကိန်းအရ ပထမအဆင့်အနေဖြင့် ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း မကွေးတိုင်း မြို့နယ် ခုနစ်မြို့နယ်တွင် ကျေးလက်ဒေသပြည်သူများကို တန်ဖိုးနည်းအိမ်ရာ ၅၂ လုံးဆောက်လုပ်ပေးပြီးဖြစ်ကြောင်းသိရသည်။ **(က–ပ)**

ဧပြီ ၃၀ရက်က လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း ပျိုးဥယျာဉ်၌ ပန်းအလှပျိုးပင်များ ပျိုးထောင်ထားမှုကို ပဲခူးတိုင်း (အနောက်ပိုင်း) ညွှန်ကြားရေးမှူးဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့က ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

ပေါက်ခေါင်း မေ ၇

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၇/၂၀၀၄) ဖွင့်ပွဲ အခမ်းအနားကို ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် မေ ၄ရက် နံနက် ၈နာရီကကျင်းပရာ တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူးဦးဖေသန့်**(ယာပုံ)** က အဖွင့် အမှာစကားပြောကြားကာ

သင်တန်းကို ဖွင့်လှစ်ပေးသည်။

သင်တန်းမှာ ရက်သတ္တသုံးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသူ သင်တန်းသား ၃၀ တက်ရောက်ကြသည်။ ထို့နောက် တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်၊ ပြည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးဘဝင်းနှင့် အဖွဲ့သည် သင်တန်းစားရိပ်သာ စာသင်ဆောင်နှင့် အိပ်ဆောင်များအတွင်း လိုက်လံစစ်ဆေး ကြည့်ရှုကြကြောင်း သိရသည်။ **(က–ပ)**

မေ၁ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင် ကျောက်တန်းမြို့ လမ်းမတော်လမ်းရှိ ကန်စိမ်းကန်အဆင့်မြှင့်တင်ခြင်း၊ သာယာလှပမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးဇော်ထွန်းတို့က လိုက်လံရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၁၄–၅–၂၀၀၄(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်

(မင်းကွန်းဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရေငန်ပုစွန်မွေးမြူရေး–စစ်တွေ)

၁၁း၃၅ သုတရေးရာဖြေကြားလွှာ

၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် သနပ်ခါးပင်)

၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ကျေးဇူးယှဉ်ပြိုင်ဆပ်နိုင်ပါစေ)

၁၃း၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (လွန်တာပေါ့ ကိုဖိုးထိန်)

၁၇း၃၀ မေတို့ရေးရာသိမှတ်စရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈း၄၀ သိပ္ပံပညာသိကောင်းဆရာ (ရှေ့လာမည့်နှစ် ၅၀ အကြောင်း– ဒုတိယပိုင်း–မောင်ဆုရှင်)

အရန်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲ ပုလဲမြို့ ပုလဲရတနာခန်းမတွင် ကျင်းပ

ပုလဲ မေ ၆

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များကို မြို့နယ်တာဝန်ရှိသူများက တွေ့ဆုံပွဲအခမ်းအနားကို မေ ၅ရက်က ပုလဲမြို့ ပုလဲရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပုလဲမြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်အေးက အမှာစကားပြောကြားပြီး**(အောက်ပုံ)** မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး ဒုတိယရဲမှူးကြည်စိန်က မီးသတ်တပ်ဖွဲ့ဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်က ကြက်ခြေနီအသင်း လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေးအပ် လှူဒါန်း

ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ငွေး ဇနီးဒေါ်သန်းသန်းနွဲ့တို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်မိသားစုများ ဧပြီ ၁၇ ရက်က အမှတ်(၁)ရဲစခန်းဝင်း ရဲမွှာရုံ၌ အဘိုးအဘွား ၁၇ ဦးတို့အား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

(ခရိုင်ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်

ဂန့်ဂေါ မေ ၁

ဂန့်ဂေါမြို့နယ်တွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဧပြီ ၂ရက်က ကျောကျေးရွာ အထက၌ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ခွင့်ရရှိသူ ၄၂၇ဦးနှင့် ဧပြီ ၅ရက်က လယ်မကျေးရွာ အမက ၌ ၉၃ဦးတို့ကို ပေးအပ်ရာ ဂန့်ဂေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးအရာရှိ ဦးမြင့်သန်းက ပေးအပ်ကြောင်း သိရသည်။ (၂၇၃)

စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ရေစကြိုမြို့နယ်မြေဖြူကျင်းကျေးရွာ၌ ကျင်းပ

ရေစကြို ဧပြီ ၃၀

ရေစကြိုမြို့နယ် မြေဖြူကျင်းကျေးရွာ **'လှမ်းတက်စို့'** ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက်က အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့မျက်နှာစာ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးတင်အောင်ခိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးပါစိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ရေစကြိုမြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အမှာစကားပြောကြားပြီးနောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးတင်အောင်ခိုင်က စာအုပ်မျိုးစုံ အုပ် ၅၀ ကို လည်းကောင်း၊ နယ်မြေရဲကင်းမှူး တပ်ကြပ်မြဝင်းက စာအုပ်မျိုးစုံ ၂၅ အုပ်ကိုလည်းကောင်း၊ ရေစကြိုမြို့နေ ဦးညိုအေး–ဒေါ်ကြင်စိန် မိသားစုက စာအုပ်မျိုးစုံအုပ် ၂၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူပြီး ကျေးရွာဥက္ကဋ္ဌ ဦးပါစိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

(မြို့နယ် ပြန်/ဆက်)

မေ ၃ ရက် (ကဆုန် လပြည့်နေ့)က ကျောက်တံခါး မြို့နယ် ပဲနွယ် ကုန်း မြို့မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှကြီးမှူး၍ အသက် (၈၄)နှစ်နှင့်အထက်သက်ကြီး ဘိုးဘွား ၁၄၆ ဦးတို့ အတွက် ငွေကျပ်ငါးသိန်းကျော်တန်ဖိုးရှိ ပစ္စည်းနှင့်ထောက်ပံ့ငွေများ ပူဇော်ကန်တော့စဉ်။ (က–ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

သန်လျင်မြို့နယ်အသင်း သက်ကြီးပူဇော်မည်

သန်လျင် မေ ၁၂

သန်လျင်မြို့နယ်အသင်း၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို မေ ၁၅ရက် နံနက် ၉နာရီတွင် သန်လျင်မြို့ သဲပုံစေတီ (နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ)၌ ကျင်းပမည် ဖြစ်သည်။

နှစ်ပတ်လည် အစည်းအဝေးတွင် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၃ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိကြသော အသင်းဝင်များ၏ သားသမီးများ၊ နိုင်ငံတကာပန်းချီ၊ စာပေထူးချွန်သူများနှင့် ဘက်စုံထူးချွန်ဆုများကို ချီးမြှင့်မည်ဖြစ်ရာ သက်ဆိုင်သူများသည် အသင်းဥက္ကဋ္ဌ ဦးသာညွန့် ဖုန်း ၀၅၆–၂၁၄၉၀နှင့် အတွင်းရေးမှူး ဦးတင့်လှိုင် ၂၉၅၇၃၆သို့ ဆက်သွယ်ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ကျေးရွာချင်းဆက် ဂဝံလမ်းနှင့်ရေရရှိရေး ဆွေးနွေး

ကို့ပင်ကောက် မေ ၆

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့သည် ကို့ပင်ကောက်မြို့နယ် အိုးဘိုကုန်းနှင့် ကျွန်းကုန်းကျေးရွာတွင် ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရေးနှင့် ရေရရှိရေးအတွက် ကျေးရွာသူ ကျေးရွာသားများနှင့် ဧပြီ ၃၀ရက်က တွေ့ဆုံဆွေးနွေးပြီး**(အောက်ပုံ)**မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးသည့် လမ်းအရှည်တစ်မိုင်ရှိ အိုးဘိုကုန်း–ကျွန်းကုန်းကျေးလက်ဂဝံလမ်း ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးဝင်းတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(၀၄၀)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ပါ

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက် (၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးရသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။

(ခ) ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။

(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။

(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။

(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။

(စ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းစွာ ထားပါ။

(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့် သိပ်ပါ။

(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။

(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာ ကောင်းအောင် ရှင်းလင်းပါ။ လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကို ယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

13-5 (17).p65 17 03/24/1905, 11:28 PM

ရန်ကုန်တက္ကသိုလ်
ဒီပလိုမာတွဲ့သင်တန်းများလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်တွင် အောက်ဖော်ပြပါ ဒီပလိုမာတွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

(က) အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာသင်တန်း၊
(ခ) အသုံးချစိတ်ပညာ ဒီပလိုမာသင်တန်း၊
(ဂ) အသုံးချရူပဗေဒ ဒီပလိုမာသင်တန်း၊
(ဃ) ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း၊
(င) ကုန်ထုတ်ဓာတုဗေဒ ဒီပလိုမာသင်တန်း၊
(စ) စာကြည့်တိုက်နှင့် သုတပညာ ဒီပလိုမာသင်တန်း၊
(ဆ) မနုဿဗေဒ ဒီပလိုမာသင်တန်း။

၂။ အထက်ပါ ဒီပလိုမာတွဲ့သင်တန်းများကို အောက်ပါ အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်၊
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်၊
(ဂ) သင်တန်းကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

၄။ ရန်ကုန်တက္ကသိုလ်ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၃၁–၅–၂၀၀၄ ရက် နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

ခင်အေးကျော်
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်တက္ကသိုလ်။

သမားတော်ကြီး ဒေါ်ခက်ခက်နွယ်

တိဗက်–အရိုး–အကြော–အထူးကု

၃၂၉၊ ရွှေဘုံသာအထက်လမ်း၊ ရွှေဇီးကွက်

ဘုရားဖူးနောက်ခန်း၊ ရန်ကုန်၊ ဖုန်း–၂၈၁၃၃၃၉၊ ဖွင့်ချိန် နံနက် ၉ နာရီမှ ၅ နာရီထိ ဆေးမျိုးစုံကုသ၍မပျောက် နေ့ညမအိပ်ခံစားနေရသော အဆစ်အမြစ်ရောင်၊ လေးဖက်နာ၊ ကိုက်ခဲ၊ လမ်းမလျှောက်နိုင်သည့်ရောဂါ သက်သာပျောက်ကင်းပါပြီ။ ဒေါ်အေးအေး ဈေးလမ်း၊ ထီးချိုင့်မြို့၊ လက်ကပ်ကိုက်၊ အရိုးကျီးပေါင်းတက်၊ ခါးကိုက်စောင်း၊ ဒူးနာ၊ အဆစ်ရောင်၊ လေးဖက်နာ၊ လေဖြတ်၊ အရိုးအကြော ရောဂါမှန်သမျှ ပျောက်ကင်းရန် ကုသပေးသည်။

ဖိတ်ကြားအပ်ပါသည်

မြန်မာနိုင်ငံ ဂျပန်ပြန် ပညာသင်ဟောင်းများအသင်း (MAJA)၏ နှစ်ပတ်လည် အစည်းအဝေးကို ၂၀၀၄ ခုနှစ် ဇွန်လ ၆ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ Panda Hotel ပထမထပ်၌ နံနက် ၁၁ နာရီမှ စတင်ကျင်းပမည်ဖြစ်ပါ၍ အသင်းသားအသင်းသူများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးပြီးလျှင် Contribution မိတ်ဆုံထမင်းစားပွဲ ဆက်လက်ကျင်းပပါမည်။

အသေးစိတ်သိလိုပါက MAJA ယာယီရုံးခန်းဖြစ်သည့် အမှတ် ၁၄၂၊ အနော်ရထာလမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် အောက်ပါ ပုဂ္ဂိုလ်တို့ထံသို့ ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ပါမောက္ခ ဒေါက်တာအောင်ကျော်	ဖုန်း–	၂၅၂၂၇၉၊ ၂၅၂၀၃၄
ဦးမြင့်ဝေ		၅၂၅၂၅၅၊
ဦးမြင့်စိုး		၂၄၇၇၀၁၊ ၅၀၂၃၃၃

ဦးခင်မောင်ဝင်း ၈/မကန(နိုင်)၀၅၀၁၈၄ နှင့် အများသိစေရန်

အောက်ဖော်ပြပါ မော်တော်ယာဉ်များသည် ရိုးမဘဏ်လီမိတက်အမည်ပေါက် ပိုင်ဆိုင်သည့် မော်တော်ယာဉ်များဖြစ်ပါသည်။ ရိုးမဘဏ်ပိုင် မော်တော်ယာဉ်များကို ဦးခင်မောင်ဝင်း မှတ်ပုံတင်အမှတ် ၈/မကန(နိုင်) ၀၅၀၁၈၄ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အောင်ဇေယျလမ်းသွယ်(၂)၊ အမှတ် ၂၇(ဘီ)နေ (ယခုနေရပ်လိပ်စာမသိ)သူသို့ ယုံကြည်စွာပေးအပ်ထားခဲ့ရာ ယင်းမော်တော်ယာဉ်များ အားလုံးကို ၂၁–၅–၂၀၀၄ ရက် နောက်ဆုံးထား၍ ဘဏ်သို့လာရောက်ပေးအပ်ပါရန်နှင့် ပြန်လည်ပေးအပ်ရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း။

ရိုးမဘဏ်အမည်ပေါက်ပိုင်ဆိုင်သည့် အောက်ဖော်ပြပါ မော်တော်ယာဉ်များ အားလုံးကို မည်သူမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ပါရန်နှင့် ရိုးမဘဏ်လီမိတက်၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

(၁) ယာဉ်အမှတ် ၁က/၅၉၆၀၊ ဝီလီဂျစ် (Willy Jeep)အမျိုးအစား
(၂) ယာဉ်အမှတ် ၁ခ/၇၅၅၅၊ ပရိုတွန်ဝိုင်ရာဆလွန်း (Proton Wira Saloon)အမျိုးအစား
(၃) ယာဉ်အမှတ် ၈က/၂၀၈၁၊ ပွန်တစ်ဂရင်းဆလွန်း (Pontaic Grand Saloon) အမျိုးအစား
(၄) ယာဉ်အမှတ် ၈က/၁၅၃၅၊ လိုက်ထရပ် (Lite Truck)အမျိုးအစား

ရိုးမဘဏ်လီမိတက်
ဖုန်း–၂၄၆၈၆၉၊ ၂၄၆၈၇၀၊ ၇၀၆၈၃၂၊
၂၄၀၄၀၀–Ext:၁၇၀၆

NPE · FOREVER GROUP

ကွန်ပျူတာနည်းပညာဆိုင်ရာသင်တန်းများ

- Office Operating Course (Basic)
- Desktop Publishing Course (DTP)
- Engineering Design Course (AutoCAD)
- Programming Course (Visual Basic)
- Computerized Accounting Course (Accpac, UBS)
- Hardware & System Administration Course (A+)

No.173/175, Pansodan Street, Kyauktada Township, Yangon.
Ph: 01-256265, 701180

Mobile Generating Sets
'KAMA' Rent, Service.
Tel:09-501-4325,
665336, 610539

TOP ☎ 243363 705877

GUARDIAN
MONTHLY MAGAZINE

- တန်ဖိုးနည်းနည်းနှင့် ပညာများများ ရရှိလိုသူများအတွက် ၂၀၀၄ခုနှစ်၊ မေလထုတ် **Guardian Magazine** ထွက်ပြီ။
- ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာ လေ့လာသူများအတွက် အဆိုအမိန့်များ၊ Grammar ဆိုင်ရာ ပိုးရှုချက်များ၊ လေ့ကျင့်ခန်းများကို ဆရာ C.T.O နှင့် ဆရာ ဦးကံညွှန့်အောင် တို့က ရှင်းလင်းစွာ ရေးသားထားပါသည်။
- အင်္ဂလိပ်စာ လေ့လာသူများနှင့် ဧည့်လမ်းညွှန်များအတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ဆောင်းပါးများ၊ လူနေမှုဘဝဆိုင်ရာ ဆောင်းပါးများကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ရေးသား တင်ပြထားပါသည်။
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ စာအုပ်ဆိုင်၊ စာအုပ်အရောင်းဆိုင်၊ ဂါဒီယန်သတင်းစာတိုက်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါသည်။

MYANMAR TONG TAH TRADE FAIR 2004

မြန်မာတုန်းတာကုန်စည်ပြပွဲ ၂၀၀၄

အမြန်အလိုရှိသည်

Secretary

အောင်စကြာ

အရှင်စန္ဒသိရိ

ပဋ္ဌာနသမုပ္ပာဒ်သင်တန်းစာအုပ်
ထွက်ပြီ။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သံဖြူဇရပ်မြို့နယ်၊ ပင်ကျေးရွာ အနောက်ပိုင်းနေ ဒေါ်ရီ၏ သားဖြစ်သူ မောင်မြင့်စိုး(ခ)အလုံး ၁၀/သဖရ(နိုင်) ၀၈၂၇၉၉ သည် မိခင်၏ဆိုဆုံးမမှုများကို အကြိမ်ကြိမ် လိုက်နာမှုမရှိဘဲ ၎င်း သဘောဖြင့် မိဘဂုဏ်သိက္ခာ ထိခိုက်စေရန် ပြုမူဆောင်ရွက်မှုများ ပြုလုပ်နေ၍ ယနေ့မှစ၍ အမွေစားအမွေခံသား အဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန် မယူပါ။

မိခင် ဒေါ်ရီ
၁၀/သဖရ(နိုင်)၀၅၇၄၂၀

အမည်ပြောင်း

အဖ ဦးအောင်မြသန်း၏ သမီး ဖြစ်သူ အမက (၃၀)လိုင် သူငယ်တန်း (က)မှ မထူးအိဝေလွင်အား မဆုစန္ဒီ အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မဆုစန္ဒီအောင်။

အမည်ပြောင်း

သုဝဏ္ဏမြို့ မီးဒုံးလမ်းမှ အဖ ဦးထွန်းသန်း၏ သားဖြစ်သူ မောင်အောင်ကျော်မင်းအား မောင်ဥက္ကာမင်း ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဥက္ကာမင်း။

(Dyna, Canter & Lite Ace)

Ph - 01-524557, 01-535028

အမည်ပြောင်း

တောင်ကြီး အထက(၆) သူငယ်တန်းမှ အဖ ဦးစိုင်းဆိုင်ရွက်၏သား စိုင်းမြတ်သူရိန်အား ယနေ့မှစ၍ စိုင်းဖြိုးမြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **စိုင်းဖြိုးမြတ်အောင်။**

အမွေပြတ်စွန့်လွှတ်ခြင်း

ရေနံချောင်းမြို့နယ် ဝက်လွတ်ကျေးရွာ အုပ်စု လမ်းကူးကျေးရွာနေ ဦးကြည်–ဒေါ်ထွေးစိန်တို့၏သား မောင်သိန်းထွန်းအောင် ၈/ရနခ(နိုင်)၀၅၄၉၀၉ သည် မိဘစိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် ၎င်းသားအား အမွေပြတ် စွန့်လွှတ်လိုက်သည်။ (၎င်းနှင့် ပတ်သက်သော ကိစ္စများကို လုံးဝတာဝန်မယူပါ)

ဦးကြည် ၈/ရနခ(နိုင်)၀၅၄၉၀၃
ဝက်လွတ်အုပ်စု၊ လမ်းကူးကျေးရွာ၊ရေနံချောင်း။

ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ်အမှတ် ယ/၁၆၈၁ (ကမ–၃တွင်) ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)

ဦးမောင်မောင်သိန်း
အသက်(၇၅)နှစ်

ဇရာဝတီတိုင်း ပုသိမ်မြို့ အရှေ့နှစ်တောင်တန်ရပ်နေ (ဦးမောင်ရှင်–ဒေါ်မယ်တင့်)တို့၏သား၊ (ဦးသိန်းနွဲ့)–ဒေါ်ရီတို့၏အစ်ကို၊ ဒေါ်ကြင်လှ၏ ခင်ပွန်း၊ တပ်ကြပ်ကြီးကျော်ဝင်း၊ မခင်ဝင်းဆွေ(ခ)မစု (YHO ကုမ္ပဏီ) မောင်ဇော်ဝင်း(မြန်မာနိုင်ငံရဲတပ်ဖွဲ့)၊ မောင်မင်းသိန်း၊ မောင်မြင့်ဆွေ (မြို့နယ်ဦးစီးမှူး ပြန်/ဆက်)–မရီရီဝင်း၊ မောင်နေဝင်းတို့၏ ဖခင်၊ မောင်ကျော်သိန်းဆွေ (ရဲလေ့ကျင့်ရေး ဝက်ထီးကန်) မောင်ဇေယျာဝင်းဖိုလ်တို့၏ အဘိုးသည် ၂၄–၄–၂၀၀၄ ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၄–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။

ဈာပနကိစ္စတွင် ကူညီပေးကြသော YHOMYမှ ဝန်ထမ်းများ၊ မြိုင်ဟေဝန်ဖုစင်တာမှ ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးကူညီမှု အသင်းအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ည/၃၂၅၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက (ကမ–၃) မိတ္တူ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး (သာယာဝတီ)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

ဦးဇမောင်
(ဟင်္သာတ၊ နတ်မော်)
အခြေစိုက်အလုပ်ရုံ အမှတ်–၃၊ကပရ(ငြိမ်း)
အသက်(၈၁)နှစ်

ဇီးကုန်းမြို့၊ ဆက်သွယ်ရေးဝင်းနေ ဒေါ်ခင်မြ၏ခင်ပွန်း၊ ဦးရဲမြင့် (အခြေစိုက်–၂၊ကပရ)–ဒေါ်မြမြအေး၊ ဦးခင်မောင်ထွန်း–ဒေါ်မိမိဆွေ(အခြေစိုက်–၁၊ ကပရ)၊ ဦးဝင်းသိန်း(ဆသရ၊ ဇီးကုန်း)–ဒေါ်နွဲ့နွဲ့အေး(ကြို့ပင်ကောက် စာတိုက်)တို့၏ဖခင်ကြီး၊ ဦးသူသူနိုင်ဦး၊ ဗိုလ်သာယာ–မေသကြိန်၊ မမိုးမြင့်သူ၊ မောင်ရဲစည်သူ၊ မမေချစ်တုန်၊ မမေပြည့်စုံတို့၏ ဘိုးဘိုး၊မလဝန်းသာယာ၏ဘိုးဘိုးကြီးသည် ဇီးကုန်းမြို့ ဆသရဝင်း နေအိမ်၌ ၇–၅–၂၀၀၄ရက် ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ရက်တွင် ဇီးကုန်းမြို့၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
ဦးအေးရွှေ
(ငှက်ပျောချောင်း)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၅ လမ်း၊ အမှတ် ၁၂၀၂ နေ (ဦးအေးမောင်–ဒေါ်မယ်ရင်)တို့၏သား၊ (ဦးမောင်မြ–ဒေါ်အုန်းတင်)တို့၏သားသမက်၊ (ဒေါ်အေးလှိုင်)၏ခင်ပွန်း၊ (ဦးကြင်)–ဒေါ်အုန်းတင်၊ (ဦးအေး)–ဒေါ်သန်းခင်၊ (ဦးဗိုလ်)တို့၏ညီ/မောင်၊ဒေါ်တင်အေး၊ ဦးကြင်အောင်၊ ဦးလှမြင့်တို့၏အစ်ကို၊ ဗိုလ်ကြီးအုန်းလှိုင်(ငြိမ်း)၊ ဒေါ်သီတာရွှေ၊ ကိုအောင်မျိုးအောင်(Rothmans of Pall Mall Myanmar Pte., Ltd.)–မဥမ္မာရွှေတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၉–၅–၂၀၀၄ (တနင်္ဂနွေနေ့) ည ၁၀း၁၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၁–၅–၂၀၀၄(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

အမြန်ဆက်သွယ်ပါ

ကိုမင်းနိုင်–မမာလာရီ (ရွှေပေါက်ကံ) ဆိုင်ခန်းငှားထားခြင်းကို ခုနစ်ရက်အတွင်း ဆက်သွယ်ပါရန်။

ဦးညို
၆၂ လမ်း၊ မန္တလေးမြို့။

Myanmar Saytamann
မြို့တွင်း မြို့ပြင်ခရီးများအတွက်
MINIBUS,HIACE,TOWNACE
Saloon အမျိုးမျိုး
ငှားရမ်းပေးပါသည်။
ဖုန်း–၇၀၄၂၂၉(off)၊ ၀၉၅၀၀–၃၆၅၉ ၆၁၀၄၆၄(Res:)

အမြန်ဝယ်လိုသည်

Fork Lift
(နှစ်တန်၊ သုံးတန်)
ကားတစ်စီးဝယ်လိုပါသည်။
ဖုန်း–၆၃၆၄၆၀၊ ၆၃၆၄၆၁

ဝမ်းနည်းကြေကွဲခြင်း
ရှေ့နေချုပ် (ဦးသာထွန်း)

အားလုံးအပေါ် မေတ္တာထားပြီး ကွယ်လွန်သွားခဲ့သော ဘဘကြီးမှာ ၉–၅–၂၀၀၄ ရက်တွင် တစ်နှစ်ပြည့်ပြီးဖြစ်သော်လည်း ဦးဝင်းမိုး–ဒေါ်ခင်စုဝေတို့ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

(၁) ဝေရည်နှင်းစားသောက်ဆိုင်
(၂) အနုပညာစားသောက်ဆိုင်
(၃) စမိုင်းစားသောက်ဆိုင်
(၄) မန်း–မြန်မာစားသောက်ဆိုင် (မန္တလေးမြို့)။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ သမီးဖြစ်သူ မပါးပါး (PPN–၀၁၃၀၇) သည် မိဘများစိတ်ဆင်းရဲအောင် ပြုလုပ်ပါ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဖခင်–ဦးအာဒမ္မန်။

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ ဇဒိုနာ၊ အကျိတ်ဖြစ်သူများ

ဤကြော်ငြာကို ဖတ်ပါ ဖုန်း–၂၄၈၀၆၄

ဘုရား၊ ဓမ္မာရုံ၊ ရေကန် ဒါယကာကြီး
ဦးစောလှိုင်
စွယ်တော်မြတ်စေတီတော်ဂေါပကအဖွဲ့ဝင် လ/ထအခန်းမှူး(ငြိမ်း)ကွန်ပျူတာဌာန မြန်မာ့အလင်းသတင်းစာတိုက် ဥက္ကဋ္ဌ၊သာသနာ့ပါလဓမ္မာရုံ၊(ဆ)ရပ်ကွက်၊မြောက်ဥက္ကလာပ
အသက်(၆၇)နှစ်

ဒေးဒရဲမြို့၊ ညောင်ကားယားကျေးရွာနေ [ဦးမြင့်(ခ)ဦးညွန့်ရွှေ-ဒေါ်လှရှင်] တို့၏သားကြီး၊ ဦးကျင်ရွှေ-ဒေါ်သောင်း၊ (ဦးလှမောင်)-ဒေါ်မြတ်ကျင်၊ (ဦးငွေသောင်း)-ဒေါ်သိန်း(အောင်ချမ်းသာ ရတနာငွေဆိုင်)တို့၏တူ၊ (ဦးစောလှ-ဒေါ်ခင်မြင့်)၊ (ဦးသာမှတ်)-ဒေါ်သီ၊ ဦးစောမောင်-ဒေါ်ခင်မြင့်၊ ဦးစံငြိမ်း-ဒေါ်တင်ဝင်းတို့၏အစ်ကို၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ခေမာသီလမ်းမကြီး၊ အမှတ် ၃၉ နေ ဒေါ်နှင်းရီ(အုန်းရွှေဝါ အအေးနှင့်ကဖီး)၏ခင်ပွန်း၊ ဦးသန်းဦး၊ ဦးဒွေးလှ(သချာ)-ဒေါ်တင့်တင့်ဝေ၊ ဒေါ်လှလှဝေ(အလယ်တန်းပြ၊ အထက-၁၊ မ/ဥ)၊ ဦးတင်လှိုင်-ဒေါ်သန်းသန်းဝေ (အမက-၃၅၊ မ/ဥ)၊ ကိုကျော်ကျော်ထွေးတို့၏ဖခင်၊ မခိုင်မော်ဌေး(ဒုနှစ်၊ ဘူမိဗေဒ၊ ဒဂုံတက္ကသိုလ်)၊ မမြတ်မော်ဌေးတို့၏အဘိုးသည် ၁၁-၅-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

သာသနာ့ဒါယကာကြီး
ဦးဝင်းနိုင်
(ပြည်တွင်းဖြစ်ကားပစ္စည်းဆိုင်၊ ဘုရင့်နောင်ဈေးကြီး)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အမှတ်၂၀၊ ရတနာလမ်း၊မြေနီကုန်းတောင်ရပ်ကွက်၊စမ်းချောင်းမြို့နယ်နေ ဦးဉာဏ်-ဒေါ်ဒေါ်ငြိမ်း(ဖျာပုံမြို့)တို့၏သားထွေး၊ (ဦးသာဇံ)-ဒေါ်သန်းသန်းတို့၏သားသမက်၊ (ဦးထွန်းဖေ-ဒေါ်စောတင်)၊ ဦးပုချို-(ဒေါ်ငွေမြိုင်)၊ (ဦးကျော်စိန်-ဒေါ်စိန်)၊ (ဦးအုန်း-ဒေါ်ခင်)၊ ဦးရွှေ-(ဒေါ်ဂွမ်းစိန်)၊ (ဦးအောင်သိန်း)-ဒေါ်ကလေးမ၊ (ဒေါ်သန်းအေး)၊ (ဦးစိုး-ဒေါ်ခင်ကြည်)၊ (ဦးစိုးမင်း)-ဒေါ်သန်းကြည်၊ ဦးထွန်းမြင့်-ဒေါ်တင်အေး၊ ဦးသောင်းရွှေ-ဒေါ်ကျင်သိန်းတို့၏ညီ/မောင်၊ ဗိုလ်မှူးဉာဏ်ဝင်း(ငြိမ်း)-ဒေါ်ဝင်းဝင်း၊ ဦးရဲဝင်း-ဒေါ်ခင်မြင့်မြင့်တို့၏အစ်ကို၊ ဒေါက်တာအေးသန်း(ဗဟိုရ်စည်အထူးကုဆေးခန်း)-ဒေါ်အေးဝင်းနိုင်၊ ဦးဇော်ဝင်းနိုင်-ဒေါ်အလိမ္မာကျော်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၀၄ရက် ညနေ ၄း၁၅ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍၁၃-၅-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဦးတင်ရ
အသက်(၅၉)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မြို့ပတ် ၇လမ်း၊ အမှတ်၅၅နေ (ဦးစံညွန့်-ဒေါ်ခင်မြင့်)တို့၏သားငယ်၊ ဦးနှစ်-ဒေါ်ရင်အေးတို့၏မောင်၊ ဒေါ်ခင်မာဝေ၊ ဦးစိုးဦး-ဒေါ်ခင်မာဆွေ၊ (ဦးကျင်သိန်း)၊ ဦးသိန်းတန်(အုပ်ချုပ်ရေးမှူး၊ သင်္ဃန်းကျွန်းမြို့နယ်၊ YCDC)-ဒေါ်သန်းသန်းစော၊ ကိုကျော်လွင်-ဒေါ်ဆွေဆွေအေး၊ မနီနီလွင်၊ မချိုချိုသန်း(နည်းပြ၊ ပထဝီ၊ မော်လမြိုင်တက္ကသိုလ်)၊ မောင်စိုးမြင့်နိုင်တို့၏ဦးလေး၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၀၄ရက် ညနေ၅း၃၀နာရီတွင် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၀၄ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

လင်းကင်စွိ(ခ)ဦးမြင့်စိန်
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် ၆၆၇၊ မဟာဗန္ဓုလလမ်းနေ (ဦးလင်ဘန်ကြပ်)-ဒေါ်ကေ့တုအိန်း(ခ)ဒေါ်အိန်းတို့၏သား၊ ဒေါ်ကျင်နု၏ခင်ပွန်း၊ ဒေါ်လင်ယော့ကြွမ့်၊ ဒေါ်သန်းသန်းအေးတို့၏မောင်၊ မတင်မေ-ကိုခင်အောင်တို့၏အစ်ကို၊ မခင်အေးမြင့် (X-C၊ အထက-၂၊ လသာ)၊ မနွဲ့ယဉ်မြင့်(VI-H၊ အထက-၂၊ လသာ)တို့၏ဖခင်သည် ၉-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၅း၄၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မရွှေရည်ဝင်း
အဋ္ဌမတန်း(ခ)အထက(၃)တာမွေ
အသက်(၁၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တိုက် ၈/၁၀၊ အခန်းအမှတ် 3/A နေ (ဦးဘထူး)-ဒေါ်သန်းစိန်၊ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ဒေါနလမ်းနေ ဦးအောင်သန်း-(ဒေါ်အေးမိ)တို့၏မြေး၊ ဦးတင်ထူး (အကောက်ခွန်) - ဒေါ်သူဇာအေးတို့၏တူမ၊မောင်လင်းထိန်၊မသက်ထား၊ မောင်ကျော်ဇင်တို့၏ညီမ၊ ဦးမောင်မောင်နိုင်-ဒေါ်ခင်သန်းထူး(ရှေ့နေချုပ်ရုံး၊ငြိမ်း)တို့၏သမီးကြီး၊ မငုဝါခင်(အထက-၃၊ တာမွေ)၏အစ်မသည် ၁၁-၅-၂၀၀၄ရက်တွင် မြောက်ဥက္ကလာဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရင်မေ (ရေစကြို)
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အသက်(၈၂)နှစ်

ပခုက္ကူမြို့၊ ပခုက္ကူတက္ကသိုလ်၊ ခိုင်ရွှေဝါဆောင်နေ(ဦးကျော်-ဒေါ်ရွှေအုံ)တို့၏သမီး၊ (ဦးဆန်ရီ-ဒေါ်ယု)တို့၏ သမီးချွေးမ၊(ဦးစိန်မောင်)၏ဇနီး၊(ဒေါ်သောင်းညွန့်)၏ညီမ၊ (ဒေါ်စိန်တင်)၊ ဦးတိုက်ကြွယ်-ဒေါ်ခင်ဆွေ၊ ဦးမင်းဟန်-ဒေါ်ကြည်ကြည်၊ ဦးတင်လှ-ဒေါ်မေသန်းတို့၏အစ်မ၊ ဦးရဲနိုင်(ပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန၊ ဒဂုံတက္ကသိုလ်)-ဒေါ်မြင့်မြင့်တို့၏မိခင်၊ ဒေါ်သီတာမြင့် (တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ ပခုက္ကူတက္ကသိုလ်)၏အဒေါ်၊ မဆွေဇင်တိုး၊ မယုမြင့်အောင်တို့၏အဘွားသည် ၁၁-၅-၂၀၀၄ရက် နံနက် ၃း၀၃ နာရီတွင် ကွယ်လွန်သွားပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်မြိုင်
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာ၊ တိုက် ၂၊ အခန်း ၃၀၈ နေ (ဦးငယ်-ဒေါ်အေးညို)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၅၇ လမ်းနေ ဦးချမ်း၏ သမီးချွေးမ၊ (ဦးမျိုးစိန်)-ဒေါ်သန်းသန်းအေး၊ ဦးငွေသန်း(ဦးကုခေမာရ)-ဒေါ်တင်စိန်တို့၏ညီမ၊ ဦးတင်ဦး-ဒေါ်စန်းမြင့်၊ ဒေါ်စန်းတင့်တို့၏အစ်မ၊ ဒေါက်တာဆန်းဆန်းဦး(လက်ထောက် ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မောင်လှိုင်သက်ဦး (Bagan Cybertech)တို့၏ မိခင်၊ ဒေါ်စန်းစန်းနွဲ့၊ ကိုထွန်းထွန်းဦး-မနီနီမြင့်၊ ကိုကျော်မျိုးသန့်-မအမာဆွေတို့၏အဒေါ်၊ ဦးခင်မောင်ချန်ထွန်း၏ဇနီးသည် ၁၁-၅-၂၀၀၄ရက် (အင်္ဂါနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မမေယု(ခ)မယုမမရှိန်
ဒုတိယတပ်ခွဲမှူး၊ ၁၉၈၈-စံပြကြက်ခြေနီ လသာမြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း
အသက်(၄၂)နှစ်

ရန်ကုန်မြို့နေ (ဦးမြင့်ရှိန်-ဒေါ်ခင်ခင်လေး)တို့၏သမီး၊ (ဦးတင့်ဆွေ-ဒေါ်စိန်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၆ လမ်း၊ အမှတ် ၃၂/၃၄ (ခြောက်လွှာ)နေ ကိုစိုးမောင်၏ဇနီး၊ ကိုဝဏ္ဏရှိန်-မနန်းနွယ်လှိုင်၊ (ကိုသုတရှိန်)၊ မဝါဝါရှိန်(ဒုဦးစီးမှူး၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏ အစ်မ၊ မောင်ရဲရင့်ရှိန်၏အဒေါ်၊ မရွှန်းလဲ့မေဦး(ခ)မက္ကမြတ်မှူးအိမ်၏မိခင်သည် ၁၁-၅-၂၀၀၄ရက် နံနက် ၈း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီး ဂျပန်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်တင်အုန်း(တွံတေးမြို့)
အသက်(၅၇)နှစ်

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ကွမ်းခြံအလယ်ပိုင်း၊ ဗိုလ်ချုပ်လမ်းနေ (ဦးတင်ရှိန်)-ဒေါ်ခင်တင့် (ဒေါင်းတံဆိပ်ဆေးလိပ်ခုံ)တို့၏သမီး၊ ဦးတင်မြင့်-ဒေါ်အေးကြည်၊ ဦးလှထွန်း(ညွှန်မှူး၊ သတင်းနှင့်စာနယ်ဇင်း)-ဒေါ်ညွန့်ညွန့်သန်း (ညွှန်မှူး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း)၊ ဦးထွန်းဝေ(အထက-၁၊တွံတေး၊ ငြိမ်း)-(ဒေါ်အမာ)တို့၏ညီမ၊ ဦးကျော်ဝင်း(ဒုညွှန်မှူး၊ ကြေး/မြေ)-ဒေါ်သီတာအောင်၊ ဦးအောင်ကျော်-ဒေါ်ဖြူဖြူဝင်း(M.P.P.E)၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါက်တာကြီးအောင် (တွံတေးမြို့နယ် သွားဆရာဝန်)-ဒေါ်ခင်မြတ်မော်၊ ဦးကြည်တိုး-ဒေါ်စန်းစန်းရွှေ၊ ဦးစိုးဝင်းလှိုင်(Blue Planet Shipping)တို့၏အစ်မသည် ၁၂-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် မူးလမန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးသန်း B.A (Geography)
အသက်(၃၉)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၈ လမ်း၊ အိမ်အမှတ် ၃၃၉(ခ)နေ ဦးသန်းစိုး-ဒေါ်အေးကြိုင်တို့၏သမီး၊ (ဦးစိန်မောင်ရီ)-ဒေါ်လေးရှင်တို့၏သမီးချွေးမ၊ ဦးစိုးလှထွန်း(MPPE)၏ဇနီး၊ မလွဲ့သီရိမွန်(အလက-၄၊ရန်ကင်း)၊ မထက်သီရိအောင်(အလက-၄၊ ရန်ကင်း)တို့၏မိခင်သည် ၁၁-၅-၂၀၀၄ရက် ညနေ ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးအောင်မြတ်
BCG အဆုတ်ရောဂါဌာန(ငြိမ်း) CDTT, (UNICEF)
အသက်(၆၁)နှစ်

ဆင်ပေါင်ဝဲမြို့နယ်နေ(ဦးကျော်သိန်း-ဒေါ်စောသိန်း)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အိမ်အမှတ် ၁၆၊ ငွေသီရိ ၁ လမ်း၊ (၃၀)ရပ်ကွက်နေ ဒေါ်ခင်ကြိုင်(ကုန်သွယ်/လယ်ယာ)၏ ခင်ပွန်း၊ မစောယုမြတ်၊ မြောက်ဒဂုံမြို့နယ်၊ စစ်တောင်းလမ်းနေ မောင်ကျော်ဇောမြတ် (Hanseatic Shipping Line)-မဥမ္မာအောင်၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ တိုက် ၂၊ အခန်း ၅ နေ မောင်ကျော်စွာ-မခိုင်ဇင်မြတ်(ပြိုင်ကင်းစားသောက်ဆိုင်)တို့၏ဖခင်သည် ၁၀-၅-၂၀၀၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးသဇင်မြင့် (B.Sc)
စစ်သူနာပြုအရာရှိသင်တန်း အပတ်စဉ်(၁၃)
အသက်(၄၄)နှစ်

ရန်ကုန်မြို့နေ ဦးခင်မောင်မြင့်-ဒေါ်မေရီတို့၏သမီး၊ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်နေ ဦးမောင်မောင်-ဒေါ်ကြည်ကြည်တို့၏သမီးချွေးမ၊ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ဘုရင့်နောင်ရိပ်သာ၊ တိုက် ဃ/၁၁ နေ ဗိုလ်မှူးကိုကိုနိုင်၏ဇနီး၊မောင်အောင်ဟိန်းကို၏မိခင်၊ (ဒေါ်မာလာမြင့်)၊ ဒေါ်နီလာမြင့်၊ ဦးနေလင်းမြင့်တို့၏ညီမ၊ဒေါက်တာစိုးကျော်-ဒေါက်တာကေသီမြင့်တို့၏ အစ်မသည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်၍ မွန်းလွဲ ၁ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုမျိုးမင်းဦး (ရေနံချောင်း)
အသက်(၂၆)နှစ်

ရေနံချောင်းမြို့၊ မြစိမ်းရောင်ရပ်နေ ဦးအုန်းမြင့် (အထွေထွေမန်နေဂျာ၊ သာကြီးတောင်-စပယ်ရေနံမြေ)-ဒေါ်သန်းသန်းခင်တို့၏သားငယ်၊ ဦးဘိုစိန်-(ဒေါ်သောင်းသောင်း)၊ (ဦးအေးဆိုင်)-ဒေါ်မြစမ်း၊ မိတ္ထီလာမြို့နေ ဦးသိန်းဖေ(တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်ရင်ရင်၊ စလင်းမြို့နေ ဦးမောင်မောင်သန်း(တွင်ခုံဆရာ)-ဒေါ်သန်းကြွယ်တို့၏တူ၊ဒေါ်နွယ်နီ(အထပြ၊အထက-၁၊ရေနံချောင်း)၊ ဦးဝင်းထွဋ် (ညောင်တုန်း ရေနံမြေ)-ဒေါ်တင်တင်ရီ(ဒလ)၊ တောင်ကုတ်မြို့နေ ဦးညွန့်ဝင်း-ဒေါ်လှလှတင်၊ ရန်ကုန်မြို့နေ ဦးအောင်ကျော်မိုး(တပ်ကြပ်ကြီး၊ တပ်မတော်-လေ) - ဒေါ်ယဉ်မြင့်(ဆသရ)၊ ဦးကျော်ဟိန်း(Gold Water၊ ရေနံချောင်း)-ဒေါ်စန္ဒာ(ဆောက်လုပ်ရေး၊ တောင်တွင်းကြီးမြို့)၊ မသီသီတို့၏ညီ/မောင်၊ မခိုင်စပယ်သက်၏ခင်ပွန်း၊ မဆုပြည့်ပြည့်မျိုး၏ဖခင်သည် ၈-၅-၂၀၀၄ရက် (စနေနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် ရေနံချောင်းမြို့ မြေနီခင်သုသာန်၌ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်ငွေ (စစ်ကိုင်း)
အတွင်းရေးမှူး(ငြိမ်း)၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့ ရန်ကုန်မြို့၊ အမှုဆောင်အဖွဲ့ဝင် ရန်ကုန်ဂေါက်အသင်း၊ အမှုဆောင်အဖွဲ့ဝင် မြန်မာနိုင်ငံဂေါက်အဖွဲ့ချုပ်
အသက်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၂၉၊ ပဒုမ္မာလမ်းနေ (ဦးဘခင်-ဒေါ်လုံးတင်)တို့၏သား၊ ဒေါ်ခင်စောကြည် (ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့)၊ (ဦးမောင်ကြီး)-ဒေါ်တင်ရွှေတို့၏မောင်၊ ဗိုလ်မှူးမောင်လတ်(ငြိမ်း)-ဒေါ်တင်မေ (လက်ထောက်မန်နေဂျာ၊ငြိမ်း)၊ ဦးကျော်မြင့် (MICCL) - ဒေါ်တင်ထွေးမြင့်တို့၏အစ်ကို၊ ဒေါ်ခင်မေအုန်း (လက်ထောက်ညွှန်မှူး၊ ငြိမ်း၊ လူမှုဝန်ထမ်းဦးစီးဌာန)၏ခင်ပွန်း၊ ဦးဇော်ဝင်း(ဌာနစုမှူး၊ ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်လဲ့လဲ့ငွေ (စိုက်/မွေး)၊ ဒေါ်ကေသီငွေ၊ ဒေါ်နွယ်နီငွေတို့၏ဖခင်၊ တူ တူမ ၁၁ ယောက်တို့၏ဘကြီးသည် ၁၁-၅-၂၀၀၄ရက် ည ၉း၄၅ နာရီတွင် ရန်ကုန်မြို့ YMC ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးဝင်းစိန်(ခ) William Thein
စိန့်မိုက်ကယ်ကျောင်းသားဟောင်း
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဂမုန်းလမ်း၊ အမှတ် ၃၀ နေ (ဦးသိန်းခ-ဒေါ်သန်းစိန်)တို့၏သား၊ ဒေါ်ခင်ဝေ၏မောင်၊ ဒေါ်အေးမေရီ (အထက-၇၊ မင်္ဂလာတောင်ညွန့်)၏ခင်ပွန်း၊ ကိုလှိုင်ဝင်းမိုး (တော်ဝင်မြို့မစာအုပ်တိုက်)-မမြင့်မြင့်နိုင်၊ ကိုဇော်ဝင်းတိုး(အိုးအိမ်ဦးစီးဌာန)-မသဲသဲတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၂-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မခင်မင်းလတ် (လှည်းတန်း)
B.A (History)
အသက်(၃၁)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၁၂၊ အခန်း ၄၀၃ နေ ဦးညွန့်ကြိုင်-ဒေါ်စန်းမြင့်တို့၏သမီး၊ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း ၁ လမ်း၊ အိမ်အမှတ် ၄ နေ ဦးဘဝမ်း-ဒေါ်ကြူကြူ(စိန်မျှား ဖိနပ်ဆိုင်)တို့၏ သမီးချွေးမ၊ ကိုကျော်သူရဝမ်း၏ဇနီး၊ မမိမိဦး(မြန်မာဒေဝူးလီမိတက်)၏ညီမ၊ကိုဖြိုးဝေမင်း-မနုဝါထွေး(နီလာဖြိုး စိုက်ပျိုးရေးဆေးဆိုင်၊ ပျဉ်းမနားမြို့)၊ မဝေမာလင်း(စိန်မျှားဖိနပ်ဆိုင်၊ အင်းစိန်ဈေး)တို့၏အစ်မ၊ မကေဇင်ကျော်၏မိခင်သည် ၁၁-၅-၂၀၀၄ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (လှည်းတန်းနေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ
ဒေါ်ခင်လှ
ဘိုကလေးမြို့(ငွေလရောင်)
အသက်(၈၄)နှစ်

သုံးခွမြို့နေ (ဦးမောင်ဆင်-ဒေါ်ရင်)တို့၏သမီး၊(ဘိုကလေးငွေလရောင်ဦးလှ)၏ဇနီး၊ ဒေါ်လှရီ၊ ဒေါ်လှမြိုင်၊ဒေါ်အေးသင်၊ဒေါ်စီတို့၏အစ်မ၊ဦးသောင်းလွင်-ဒေါ်ခင်စိန်၊ ဦးခင်ဝင်း-ဒေါ်ခင်မြင့်၊ ဦးအောင်ကိုကို - ဒေါ်တင်တင်ဝင်း၊ ဦးသိန်းဌေးအောင်၊ ဦးသိန်းဝင်း-ဒေါ်သန်းသန်းဌေး၊ဦးတင်ယု(BTB Co., Ltd.)၊ ဒေါ်သန်းသန်းအေး(ခ)မရှမ်းတို့၏မိခင်၊ မြေး၁၆ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၂-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက်၉း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၀၄ရက် (သောကြာနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(တိုက် ၁၇၊ အခန်း၂၊ ဘော်စင်လမ်း၊သုဝဏ္ဏလမ်းဆုံ၊ရန်ကုန်မြို့ နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းစိန် (သုဝဏ္ဏ)
(မိုးကုတ်ယောဂီ) ဆသရ(ငြိမ်း)
အသက်(၈၂)နှစ်

စစ်တွေမြို့၊ မိဇံရပ်နေ(ဦးပု-ဒေါ်မစိန်)တို့၏သား၊ စစ်တွေမြို့၊ ရှုပရပ်နေ(ဦးစံရွှေဦး-ဒေါ်စံကြွဦး)တို့၏သားသမက်၊ ဦးထွန်းအောင်ကျော် - ဒေါ်စောမြ၊ (ဦးအေးထွန်း)-ဒေါ်စံရွှေမြ၊ (ဒေါ်လှစိန်)တို့၏ညီ/မောင်၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက် ၂၁၊ အခန်း ၄ နေ ဒေါ်တင်မှု၏ခင်ပွန်း၊ မစောဝင်းမှု(ဆသရ-လှိုင်)၊တပ်ကြပ်ကြီး စောလှမောင်(ကကလှုပ်)-မခင်မြတ်မွန်၊ မတင်တင်အောင်(MICB)၊ မကြည်ကြည်ထွန်း (MICB)တို့၏ ဖခင်၊ ဗိုလ်လောင်းတက်နေထွန်း၊ မောင်ဖြိုးကျော်ထွန်း (အထက-၂၊ ဒဂုံ)တို့၏ အဘိုးသည် ၁၁-၅-၂၀၀၄ရက် နံနက် ၀၀း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သုဝဏ္ဏနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ထွဋ် (ကြို့ပင်ကောက်မြို့)
မန်နေဂျာ(အငြိမ်းစား) မြန်မာ့ရေနံထွက်ပစ္စည်း ဖြန့်ဖြူးရောင်းချရေးလုပ်ငန်း (ကြို့ပင်ကောက်မြို့)
အသက်(၈၂)နှစ်

အုတ်ဖိုမြို့၊ ကျောင်းကြီးလမ်းနေ (ဦးဘကွန်း-ဒေါ်ဒေါ်စု)တို့၏ သား၊ ကြို့ပင်ကောက်မြို့၊ ရန်ကုန်ပြည်လမ်းနေ ဒေါ်တင်အေး၏ခင်ပွန်း၊ ဦးချစ်ကိုကို-ဒေါ်လှအေး၊ ဦးဝင်းထွဋ်-ဒေါ်တင်တင်ရီ၊ ဦးအေးသိန်း-ဒေါ်ခင်နှင်းအေး၊ ဒေါက်တာမြင့်သိန်း-ဒေါ်နုနုယဉ်၊ဦးတင်မောင်ထွဋ်-ဒေါ်မြင့်မြင့်သန်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၂-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်ပါသဖြင့် ၁၄-၅-၂၀၀၄ရက် (သောကြာနေ့)မွန်းလွဲ ၂ နာရီတွင်ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမ
ဒေါ်ဥမ္မာလွင်
B.E.D
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉လမ်း၊ အမှတ် ၃၁(ပထမထပ်)နေ (ဦးဘိုးရီ-ဒေါ်တေ)တို့၏သမီးချွေးမ၊(ဦးအေးလွင်)-ဒေါ်ကျင်ညိမ်းတို့၏သမီး၊ ဦးသိန်းမြင့် (ကုန်တင်တွဲဆွဲ၊ ရေယာဉ်ပိုင်ရှင်)၏ဇနီး၊ မောင်ကျော်ကိုကို(Computing Final Year၊ Nilai College Malaysia)၊ မောင်စိုးကိုကို (Final Part.I၊ ဆေး-၁)တို့၏မိခင်၊ (ဦးအေးသိန်း)၊ ဦးအေးကို-ဒေါ်ခင်လေးမြင့်၊ ဒေါ်စန်းစန်းအေး(ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးကြည်ညွန့် (C/E P.I.L Co., Ltd.)-ဒေါ်အေးအေးမြိုင်၊ ဦးစိုးတင်-ဒေါ်နီလာ၊ ဦးစိုးမင်း-ဒေါ်ကေသီအေးတို့၏အစ်မသည် ၁၁-၅-၂၀၀၄ရက် မွန်းလွဲ ၁၂း၄၀ နာရီတွင် အာရုတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ နာယက
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်ကွက်၊ ရွှေစေတီပါဠိတက္ကသိုလ်တိုက်သစ် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနာယက(အဂ္ဂမဟာပဏ္ဍိတ)သည် ၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက် (၉-၅-၂၀၀၄ရက်) တနင်္ဂနွေနေ့ ည ၇း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက် (၁၇-၅-၂၀၀၄ရက်) တနင်္လာနေ့တွင် အန္တိမစျာပနပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများသိစေရန် အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မြစ်သားမြို့နယ် ၊ကသဲကုန်းကျေးရွာ၊မင်းကုန်းကျောင်းတိုက် ရပ်/ကျေးသံဃနာယကဥက္ကဋ္ဌ(သာသနဓဇ ဓမ္မာစရိယ)
ပဓာန နာယကဆရာတော် ဘဒ္ဒန္တ တေဇနိယ
သက်တော်(၇၀)၊ သိက္ခာတော်(၅၀)

မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကသဲကုန်းကျေးရွာ မင်းကုန်းကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တ တေဇနိယ(သာသနဓဇ ဓမ္မာစရိယ)၊ မြို့နယ်ဝိနည်းဓိုရ်နာယက၊ မြစ်သားမြို့နယ်လုံးဆိုင်ရာ ဘုန်းတော်ကြီး ပညာသင်ကြားရေးဥက္ကဋ္ဌ၊ ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးဥက္ကဋ္ဌဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်(၅-၅-၂၀၀၄ရက်)ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက် (၁၅-၅-၂၀၀၄)ရက်တွင် ကြာကလပ်တင်စံကျောင်းချအခမ်းအနား ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ဈာပနကော်မတီ။

ဒေါ်တင့်တင့် (ကောလင်း)
အသက်(၈၅)နှစ်

စစ်ကိုင်းတိုင်း၊ ကောလင်းမြို့၊ မြို့မရပ်နေ (ဦးဂိုလ်ပါး-ဒေါ်ထွေး)တို့၏သမီး၊ (ဒေါ်စိုးစိုး)၊ (ဒေါ်သိန်းသိန်းမြင့်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ပီမိုးနင်း ၃ လမ်း၊ အမှတ် ၅၇၈ နေ ဦးအောင်သူမိုး (လက်ထောက်ကထိက၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါ်စန္ဒာလွင် (လက်ထောက်ကထိက၊မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ ကြီးတော်သည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၀၄ရက်တွင် မြောက်ဥက္ကလာဆေးရုံမှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (၅၇၈၊ ပီမိုးနင်း ၃ လမ်း နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးတင်မောင် (ငြိမ်း)
အသက်(၇၃)နှစ်

လက်ပံတန်းမြို့၊ ဝက်လှကလေး၊ ဖန်ခါးကုန်းရွာနေ (ဦးဘိုးမြင့်-ဒေါ်ရွှေပု)တို့၏သား၊ ဒေါ်တင်မေ၏မောင်၊ ဦးချစ်စိန်-ဒေါ်ပိုတို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ ရွှေပေါက်ကံမြို့နယ်၊ အိမ်အမှတ် ၁၄/၅/၁၁၃၊ ဝဏ္ဏကျော်စွာလမ်းသွယ် ၂ နေ ဒေါ်လှတင်၏ခင်ပွန်း၊ ဦးမျိုးသက်နိုင်-(ဒေါ်တင်တင်ဦး)၊ (ဦးကျော်စိုးဦး)၊ ဦးအောင်လှသိန်း(လေယာဉ်ဆီ၊ ရန်ကုန်လေဆိပ်)-ဒေါ်သင်းသင်းဦး၊ မောင်ဝင်းဌေး၊ မသီတာဦးတို့၏ဖခင်၊ မယွန်းဆုသီရိဝေ၊ မောင်ကျော်ဇောဟန်တို့၏အဘိုးသည် ၁၁-၅-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၆း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်သန်းနု (ဂန့်ဂေါမြို့)
(ဒု-စာရင်းကိုင်) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ သုခမလမ်း၊ အမှတ် ၂၅ နေ(ဦးမောင်ခင်)-ဒေါ်တင်ရီတို့၏သမီး၊ ရေစကြိုမြို့၊ မြို့မရပ်နေ (ဦးရှိန်-ဒေါ်စု)တို့၏သမီးချွေးမ၊(ဦးညွန့်ရွှေ)၊ မောင်မောင်သန်း၊ (ကိုခင်မောင်ဇော်)-မခင်မာဝေ၊ မကြူကြူမြင့်၊ မောင်ခင်မောင်သန်း-မလှဌေးမော်၊ မောင်မောင်လွင်-မမူမူမြင့်တို့၏အစ်မ၊ ဂန့်ဂေါမြို့၊ ဆောက်လုပ်ရေးဝန်ထမ်းအိမ်ရာနေ ဦးတင်မောင်လတ်(ပ-စာရင်းကိုင်၊ ငြိမ်း)၏ဇနီး၊ မောင်အောင်ကိုလတ် (ဂန့်ဂေါ၊ ဆလရ)၊ မထိုက်စုလတ် [B.Sc (Hons.) M.Sc(Maths:)၊ မန္တလေးတက္ကသိုလ်]၊ မဝေမီလတ် (ဂန့်ဂေါ၊ ဆလရ)တို့၏မိခင်သည် ၁၀-၅-၂၀၀၄ ရက် ညနေ ၆း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးအုန်းမြိုင် (နေဖြူ)
အကျဉ်းဦးစီးဌာန(ငြိမ်း)
အသက်(၇၉)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ တိုက် ၁၀/D၊ အေးရိပ်မွန် ၃ လမ်းနေ(ဦးဘအေး-ဒေါ်ငွေရှင်)တို့၏သား၊ ဒေါ်ရင်မေ၏ခင်ပွန်း၊ (ဒေါ်သန်းနွဲ့)၏မောင်၊ ဒေါ်သန်းမြ(ဒေါ်သန်းလှ)၊ (ဦးခင်ကြွေ)တို့၏အစ်ကို၊ ဦးဆန်းလွင်-ဒေါ်ဌေးဌေးသောင်း၊ ဒေါ်စုစုမြိုင်-ဦးခင်မောင်ဖြူ၊ ဒေါ်ယုယုမြိုင်-ဦးဝင်းတင့်၊ ဦးစိုးမင်း-ဒေါ်ထွေထွေးဝင်းတို့၏ဖခင်၊ မမေဦးလွင်၊ မနှင်းနှင်းအိလွင်၊ မစုရည်ဖြူ၊ မောင်အောင်မြတ်၊ မဆုရတနာ၊ မောင်ကျော်ဇင်ဝင်းတို့၏ အဘိုးသည် ၁၁-၅-၂၀၀၄ရက် ည ၉း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၀၄ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊တန်ဆောင်း ဒါယကာကြီး
ဦးကျော်ထိုက် (သစ်စက်ပိုင်ရှင်)
အသက်(၇၇)နှစ်

မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးဖိုးဆိုင်-ဒေါ်ပန်းအုံတို့၏သား၊ ဒေါ်ဖွားသိုက်၏သားသမက်၊ ဒေါ်သန်းရီ၏ခင်ပွန်း၊ ဦးနုချွန်(ဦးစီးမှူး၊ တိ/မွေးကု၊ ကျောက်ပန်းတောင်း)-ဒေါ်လှမြင့်၊ ဒေါ်ခင်စန်းမြင့်(သစ်စက်)၊ ဒေါ်ခင်စန်းဌေး၊ ဒေါ်ခင်စန်းအေး(အလက-၂)၊ ဒေါ်ခင်စန်းထွေး(အလက-၂)၊ ဗိုလ်မှူးဝင်းချွန်-ဒေါ်အမာတင်၊ ဦးဝင်းလွင်-ဒေါ်ခင်စောမူ၊ မခင်မျိုးထွေး၊ကိုကျော်မျိုးအောင်တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၀၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ရက်တွင် မြင်းခြံ ချောင်းဒေါင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ယဉ်ယဉ်မြ (ပြင်ဦးလွင်)
B.Sc (Chem)
အသက်(၄၅)နှစ်

ပြင်ဦးလွင်မြို့နေ ဦးခင်မောင်-(ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ ဘောက်ထော်၊ စာရေးတန်းလမ်း၊ အိမ်အမှတ် (၈/ခ)နေ ဦးတင်လတ်-ဒေါ်ခင်သန်းတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ခြံအမှတ် ၉၅၊ ရွာမသံမဏိစက်ရုံဝင်းနေ ဦးထင်ရှား(လက်ထောက်အင်ဂျင်နီယာ)၏ဇနီး၊ ဦးခင်မောင်တင်-ဒေါ်ခမ်းနော၊ ဦးခင်မောင်ရင်-မသီသီနွဲ့၊ ဦးခင်မောင်သွင်-ဒေါ်ရီရီဝင်းတို့၏ညီမ၊ဒုတိယဗိုလ်မှူးကြီးမြသန်းကို-ဒေါ်ယဉ်ယဉ်မေ၊ ရဲအုပ်ခင်မောင်သန်း - ဒေါ်ယဉ်ယဉ်ဆွေ၊ ဦးသိန်းဝင်း-ဒေါ်ယဉ်ယဉ်ဝေ၊ ဗိုလ်မှူးသန်းထွဋ်ညွန့်-ဒေါ်ယဉ်ယဉ်ထွေးတို့၏အစ်မ၊ မောင်သန့်ဇင်ဦး၊ စုစန္ဒီ၊ ဇာနည်ထင်ရှား၊ ယုယမုံတို့၏မိခင်သည် ၉-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် Green Cross အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မြန်မာစာပေပွံ့ဖြိုးတိုးတက်ရေး စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် စာပေလောကသားများ လက်တွဲဆောင်ရွက် ပြည်သူနှင့် စာပေလောကသားများပါဝင်၍ တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ်ဖော်ဆောင် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များနှင့် စာပေတာဝန်များ အောင်မြင်စွာဆက်လက်ထမ်းရွက်

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ယနေ့ကျင်းပသည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ လေ့လာသူများတက်ရောက်ကြသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ❒

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် **ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ဒုတိယနေ့တွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ၂၀၀၃ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီး အားကစားသမားဆုရှင် ဝုရှုးမယ်ခိုင်ခိုင်မော်အား ဆုတံဆိပ်နှင့် ငွေကျပ် ၁၀ သိန်းပေးအပ် ချီးမြှင့်စဉ် (ယာပုံ)**နှင့်ဆုရရှိသည့်အတွက် ခံစားဖြစ်ပေါ်မှုကို ခိုင်ခိုင်မော်က မြန်မာ့အလင်းသို့ ပြောကြားစဉ်။**

(အောက်ပုံ)

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

၂၀၀၃ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆုများ ချီးမြှင့် လေ့ကျော့လက်ရွေးစင် အောင်လင်းနှင့် ဝုရှုးလက်ရွေးစင် ခိုင်ခိုင်မော်ရရှိ

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီတို့၏ ဦးဆောင်လမ်းညွှန်မှုအရ မြန်မာနိုင်ငံအားကစားကလောင်ရှင်များ အဖွဲ့ချုပ်၏ ၂၀၀၃ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီးအားကစားသမားဆုများ(Sportsman and Sportswoman of the- 2003)ချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို မေ ၁၁ရက် ည ၇နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့သည်။ ***စာမျက်နှာ ၁၃ ကော်လံ ၁*** ■

မိုးရေချိန်စံချိန်သစ်

ရန်ကုန် မေ ၁၂

မေ ၁၂ရက် နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲတွင် သထုံမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၁၄ မီလီမီတာ (၈ဒသမ ၄၃လက်မ) သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၃၂နှစ်အတွင်း မေလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။

ယနေ့ထုတ်ခေါင်ရေ

၁၉၉၄၂၀

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပင်လယ်ဖျံကြီး၏သီပွဲလေ့ကျင့်ခန်း

၁၄နှစ်သားအရွယ် လူအမ်မဲလ် အမည်ရှိ ပင်လယ်ဖျံကြီးကို နားကြပ်တပ်ဆင်လျက်သီပွဲပညာရပ်ဆိုင်ရာ အမှတ်သင်္ကေတများလေ့ကျင့်မှတ်သားရေး သင်တန်းတွင် သင်ကြားပေးမည့်သင်ခန်းစာများကို စောင့်ဆိုင်းနေသည်ကို ဤသို့တွေ့ရသည်။ **(အောက်ပုံ)**

အီတလီမြွေဖမ်းပွဲတော်

အီတလီနိုင်ငံအလယ်ပိုင်း ကိုကာလိုမြို့၌ ကျင်းပသော မြွေဖမ်းပွဲတော်တွင် ဂီဗာနီ(၅)နှစ်ကို ဖမ်းယူထားသောမြွေများနှင့်အတူ တွေ့ရစဉ်။ **(အပေါ်ပုံ)** နှစ်စဉ်နှစ်တိုင်းမေလ၏ ပထမ(ကြာသပတေးနေ့)တွင် အီတလီနိုင်ငံ တောများအတွင်း၌ မြွေဖမ်းပွဲကျင်းပလေ့ရှိပြီး ဖမ်းယူရရှိသော မြွေများကို မြို့တွင်းရှိ လမ်းများတွင် လှည့်လည် ပြသလေ့ရှိကြသည်။ **(ဓာတ်ပုံ-အင်တာနက်)**